မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၈ခုနှစ်၊ မေ ၃၁ ရက်၊ စနေနေ့၊ အတွဲ(၉၇)၊ အမှတ်(၂၃၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
ဆောင်းပါး
အညွှန်း

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏စွမ်းအားဖြင့် မည်သည့် အကျပ်အတည်း အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့

"နိုင်ငံတော် တည်ဆောက်ရေး၌ နိုင်ငံတော်အစိုးရ ချည်းသက်သက် ဆောင်ရွက်၍ မရနိုင်ကြောင်း၊ နိုင်ငံတော် တည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် အင်အားစုသုံးရပ် ညီညွတ်စွာ ပူးပေါင်းတည်ဆောက်မှ အောင်မြင်နိုင်မည်ဆိုသည့် ခံယူချက်သည် နိုင်ငံတော်၏ မူဝါဒပင်ဖြစ်ကြောင်း၊ ၎င်းမူဝါဒ၊ ခံယူချက်နှင့်အညီ တပ်မတော်က နိုင်ငံတော်၏တာဝန်ကို စတင်ရယူခဲ့ရချိန်မှစတင်၍ နိုင်ငံတော် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်သည့် စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းစွမ်းအားစုသုံးရပ်၏ ညီညွတ်သည့် အားမာန်စွမ်းအားဖြင့် မည်သည့်အကျပ်အတည်း၊ အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ကြောင်း၊ ယခု မုန်တိုင်းဒဏ်ကျရောက်ခဲ့ရာ၌လည်း ၎င်းပေါင်းစည်းညီညွတ်သည့် စွမ်းအားဖြင့်ပင် နိုင်ငံတော်ကို ပြန်လည်ထူထောင်နေခြင်း ဖြစ်ကြောင်း၊ ရှေ့အဖို့မှာလည်း ၎င်းမူဝါဒခံယူချက်နှင့်ပင် မိမိနိုင်ငံ မိမိ ဆက်လက်တည်ဆောက်သွားမည်ဖြစ်ရာ ရေရှည်တွင်လည်း အောင်မြင်မှုများရရှိမှာ အမှန်ပင်ဖြစ်ကြောင်း" **နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

ကျော်ရဲမင်း၏ ဆောင်းပါး စာ ၈၊ ၉ နှင့် ၁၀ တွင် ဖတ်ရှုနိုင်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့ မော်တော်ယာဉ်များ၊ ဆေးနှင့် ဆေးပစ္စည်းများပေးအပ်လှူဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သံမှူး Mr.Tang Hai က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့မှ လှူဒါန်းသည့် မီနီဘတ်စ်မော်တော်ယာဉ်နှစ်စီး၊ လူနာတင်ယာဉ်နှစ်စီး၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှု အစဉ်အလာအရ မုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ ပြည်သူများအား ဆေးအကာအကွယ်ပေးခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့သည် မေ၉ရက်မှ ၃၀ရက်အထိ ကွင်းဆင်းဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး ၎င်းတို့နိုင်ငံသို့ ပြန်လည်မထွက်ခွာမီ ဆေးကုသရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သော မီနီဘတ်စ်မော်တော်ယာဉ်နှစ်စီး၊ လူနာတင်ယာဉ်နှစ်စီးနှင့် ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ၂နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Dusit Inya Lake Hotel ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက *စာမျက်နှာ ၅ ကော်လံ ၄* ❐

31-5 (01).pmd 1 5/31/2008, 2:59 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မေ ၃၁ ရက်)

တောင်သူလယ်သမားများ လူမှုစီးပွားဘဝမြင့်မားရေး လျာထားချက်ပြည့်မီစေရန် အားထုတ်ကြိုးပမ်း

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေး အလေးထား ဖော်ဆောင်လျက်ရှိသည်။ မကြာသေးမီက မြန်မာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းဒေသ အချို့တွင် လယ်ယာမြေများ ပျက်စီးဆုံးရှုံးခဲ့ရာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပေါင်းစည်းအားကို အခြေပြုပြီး စေတနာရှင်များ၏ အားပေးကူညီမှုဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တက်ညီလက်ညီ ကြိုးပမ်းတည်ဆောက်နေကြသည်။

နိုင်ငံတော်ကဦးဆောင်ပြီး လေဘေးသင့်ဒေသများ၌ လယ်ယာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များက လယ်ယာထွန်စက်များ၊ မျိုးစေ့များနှင့် ဓာတ်မြေဩဇာများကို ထောက်ပံ့လှူဒါန်းလျက်ရှိကြသည်။ တောင်သူလယ်သမားကြီးများ လယ်ယာလုပ်ငန်းခွင် အချိန်မီဝင်ရောက်နိုင်ရန်အတွက် ပေးပို့လှူဒါန်းသည့် လယ်ယာထွန်စက်များကို လေဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့လျက်ရှိသည်။

လပွတ္တာမြို့နယ်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက လယ်ယာမြေ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ထုတ်ပေးရန် စီစဉ်လျက်ရှိသကဲ့သို့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ကလည်း ချေးငွေများထုတ်ပေးရန် စီမံဆောင်ရွက်လျက်ရှိသည်။ ဒေသခံတောင်သူ လယ်သမားများက စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများ၏အကူအညီဖြင့် လယ်ယာထွန်စက်များအသုံးပြုပြီး လယ်ယာမြေများ အမြန်ဆုံး ပြုပြင်ဖော်ထုတ်သွားမည် ဖြစ်သည်။

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသတစ်ခုဖြစ်သော ဒေးဒရဲမြို့နယ်၌ ၂၀၀၈ ခုနှစ် မိုးရာသီ စပေါင်းထွန်ယက်ပွဲ အခမ်းအနားကို မေလ ၂၇ရက်နေ့က ချောင်းဖျားကျေးရွာ၌ ကျင်းပခဲ့သည်။ ယခုအခါ ဒေးဒရဲမြို့နယ်အတွင်း မိုးစပါးဧကတစ်သိန်းကျော် စိုက်ပျိုးရန်လျာထားရာ ကျွဲ၊ နွားနှင့် လယ်ယာသုံး စက်ကိရိယာများနေရာတွင် လက်တွန်းထွန်စက်များဖြင့် လျာထားချက်ပြည့်မီရေး အားထုတ်ကြိုးပမ်း စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ လေဘေးသင့်ဒေသများရှိ တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်နှင့်စေတနာရှင်များက စိုက်ပျိုးရေးဆိုင်ရာများ အားပေး ကူညီမှုနှင့်အတူ အဓိကသီးနှံများ လျာထားချက်ပြည့်မီကျော်လွန်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် သီးနှံအထွက်တိုးပြီး လူမှုစီးပွားဘဝ မြင့်မား တိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ၈ လမ်း အမှတ် ၄၃၃ နေ ဖခင် ဦးမောင်မောင်-မိခင် ဒေါ်သန်းတင့်တို့အားရည်စူး၍ ဒေါ်သန်းသန်းနွဲ့မိသားစုက အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဘချို၊ ဦးမောင်လှိုင်နှင့် ဦးအေးမြင့်တို့က လက်ခံယူကြသည်။(အောက်ပုံ) (က-ပ)

မြဝတီရုပ်မြင်သံကြား

၃၁-၅-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၅ ၄။ ကျန်းမာသုတ
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အမျှင်" သရုပ်ဆောင် လူမင်း၊ တင့်တင့်ထွန်း၊ မိုးဟေကို**
၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၂၅ ၆။ အမျိုးသားရေးတေးကဗျာ
၄း၅၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း -၇၀)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ English Usage
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း -၁၅)

တိပိဋကဓရ ချီးကျူးပူဇော်ပွဲအခမ်းအနား ကြိုတင်ပြင်ဆင်ထားမှုများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ယမန်နေ့နံနက်က မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်အတွင်း ကျင်းပမည့် အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအတွက် အခမ်းအနားကြိုတင်ပြင်ဆင်နေမှုများနှင့် သံဃာတော်များ နေရာချထားမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် အလုံမြို့နယ် ကရင်ခြံ ရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်း အမှတ် ၃၃၆ ရှိ ကရင်နှစ်ခြင်းခရစ်ယာန် အသင်းတော်သို့ သွားရောက်၍ ဖျာပုံခရိုင်နှင့် လပွတ္တာမြို့နယ်များမှ လေဘေးသင့် ခရစ်ယာန်ဘာသာဝင် ၅၀၀ ခန့်အား ပြည်ပအလှူရှင် မိသားစုများနှင့်အတူ ဆန်နှင့်အဝတ်အထည်များကို ကိုယ်တိုင်ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု

တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

ရန်ကုန် မေ ၃၀

စစ်ကိုင်းတိုင်း မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့ကကြီးမှူး၍ ဇွန် ၂၆ရက်တွင်ကျ ရောက်မည့်အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်း အမှတ်အဖြစ် ပန်းချီ၊ကာတွန်း၊ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာ ပိုစတာပြိုင်ပွဲများကို မေ ၂၄ ရက်နှင့် ၂၅ရက်တို့တွင် မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူး ကြီး စောမောင်၊ မုံရွာခရိုင် မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မုံရွာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်မြနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက် ရောက်ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်စုစုပေါင်း ၉၇ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရ သည်။

(ခရိုင် ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ ဦးမျိုးသန့်-ဒေါက်တာသီသီဝင်း မိသားစုက ဦးမျိုးသန့်၏ မွေးနေ့အထိမ်းအမှတ် အဆောက်အအုံအတွက် အက်ဖ်အီးစီ ၁၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်း ရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

လေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့်ဆေးဝါးပစ္စည်း လှူဒါန်း

ရန်ကုန် မေ ၃၀

MEGA Products Ltd. မှ လေဘေးသင့် ပြည်သူများအတွက် ငွေကျပ် ရှစ်ဆယ့်သုံးသိန်းလေးသောင်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို မေ ၂၉ရက်က မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ကျော်မြင့်နိုင်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များထံ လာရောက် လှူဒါန်းကြောင်း သိရသည်။ (အောက်ပုံ) (က-ပ)

31-5 (02).pmd 1 5/31/2008, 2:59 AM

✻ ကျောဖုံးမှ

စစ်ဌာနချုပ်က ငွေကျပ် သိန်း ၂၀၀၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း၁၀၀၊ ရပ်ကွက်(၈) ပဒေသာမြို့နယ် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြင်ဦးလွင်က ငွေကျပ် ၁၁၁၀၀၀၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီ ၆၃ ခုက ငွေကျပ် ၂၅၁၁သိန်း၊ Mr. Inaki R.de Azua, Arteche Group က ငွေကျပ် ၈၈၀၄၀၀၀၊ ဇနီး ဒေါ်ထွေးထွေးကြည်၊ သားကြီး ဗိုလ်ကြီးရဲနိုင်ရှိန်တို့အား ရည်စူး၍ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန် (ငြိမ်း) ရွှေပြည်သာမြို့နယ်က ငွေကျပ် ၁၅၀၀၀၀၊ Mr & Mrs. Tan Ti Hor and Family, Tian Seng Hang Trading Co. Sdn Bhd. က အက်ဖ်အီးစီ ၅၀၀၀၊ စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးတွင် လက်ခံရရှိသော လှူဒါန်းငွေ စင်ကာပူဒေါ်လာတစ်သိန်း၊ Ita lian- Thai Development Public Co., Ltd., Thailand က အမေရိကန်ဒေါ်လာ ၉၉၅၀၀၊ Mitsubishi Corporation (Yangon Branch) က အက်ဖ်အီးစီတစ်သောင်း၊ Olam International Ltd., Thailand က အမေရိကန်ဒေါ်လာ ၂၈၈၅ ဒသမ ၅၀၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီက အမေရိကန်ဒေါ်လာ နှစ်သိန်းတို့ဖြစ်ကြောင်း သတင်းရရှိသည်။

အလှူငွေ

မေ၃၀ရက်(**ယနေ့**)တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၃၉၅၂၅၃၀၀၀၊ အမေရိကန်ဒေါ်လာ ၃၀၂၃၈၅ ဒသမ ၅၀၊ အက်ဖ်အီးစီ ၁၅၀၀၀နှင့် စင်ကာပူဒေါ်လာ ၁၀၀၀၂၁ ဒသမ ၈၃ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီ ၆၃ ခုက ငွေကျပ် ၂၅၁၁ သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ သတင်းထုတ်ပြန်ချက် အမှတ် (၉) ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၃၀

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက ၂၀၀၈ခုနှစ် မေ ၃၀ရက်တွင် သတင်းထုတ်ပြန်ချက် အမှတ် (၉)ကို ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက် အမှတ် (၉)

၁။ ၂၀၀၈ခုနှစ်၊ မေလ ၂-၃ရက်နေ့များတွင် မြန်မာနိုင်ငံ၌ ကျရောက်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် အသက်အိုးအိမ်များ ဆုံးရှုံးခဲ့ရသည့်အတွက် မုန်တိုင်းဒဏ်ခံရသူများအား အကူအညီပေးရေး ကတိကဝတ်ပြုမည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများပါဝင်သည့် အာဆီယံ-ကုလသမဂ္ဂ နိုင်ငံတကာ ကတိကဝတ်ပြုရေး ညီလာခံတစ်ရပ်ကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ ၂၅-၅-၂၀၀၈ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ယင်းညီလာခံမှ မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂကိုယ်စားလှယ် (၃)ဦးစီဖြင့် ဖွဲ့စည်းသည့် Tripartite Core Group (TCG) သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ကို ဖွဲ့စည်းသွားရန်နှင့် ယင်းအဖွဲ့က မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူများအား ပြန်လည်ထူထောင်ရေးအကူအညီများ ပေးအပ်သွားရန်၊ မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့တွင် မြန်မာနိုင်ငံ ကိုယ်စားလှယ်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်သူ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးတို့အား တာဝန်ပေးအပ်ပြီး ဒုတိယဝန်ကြီးဦးကျော်သူအား Tripartite Core Group (TCG) ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်ကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ရက်စွဲ၊ ၃၀-၅-၂၀၀၈။
နေရာ၊ နေပြည်တော်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး
ဗဟိုကော်မတီ

သတိပေးနှိုးဆော်ချက်

ယခုရာသီကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားတတ်သည့်အချိန် ဖြစ်ပါသည်။ မသန့်ရှင်းသောရေ သောက်သုံးခြင်းနှင့် မသန့်ရှင်းသော အစားအသောက်များစားသုံးခြင်းတို့ကြောင့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်ပါ၍-

ဝမ်းလျှောဝမ်းပျက်ရောဂါကိုကာကွယ်နိုင်ရန်အတွက်-

- ကလိုရင်းဆေးခတ်ထားသော ရေ(သို့မဟုတ်) ကျိုချက်ထားသော ရေကိုသာလျှင် သောက်သုံးကြရန်၊
- သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့်အစာများကိုသာ စားသုံးကြရန်၊
- ယင်နားစာမစားရန်နှင့် အစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊
- ကလေး၊ လူကြီးအားလုံး သန့်ရှင်းသော ယင်လုံအိမ်သာကို သုံးစွဲကြရန်၊
- အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ကို စင်ကြယ်အောင် ဆေးကြောကြရန်၊
- အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊ (ထုံးဖြူးခြင်း၊ မြေဖုံးခြင်း၊ မီးရှို့ခြင်းများကို ဆောင်ရွက်ရန်)

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက အနီးဆုံးကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန်နှင့် လူနာများတွေ့ရှိက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်လမ်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်

ရန်ကုန် မေ ၃၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် ပြည်လမ်းတစ်လျှောက် လူသွားစင်္ကြံ အမြင့်တင့်တယ်မှု ရှိစေရေးအတွက် ကွန်ကရစ်ခင်းနေမှု၊ မိုးရာသီကာလ လမ်းရေဆင်းပေါက်များ ရှင်းလင်းဆောင်ရွက်နေမှုနှင့် မရမ်းကုန်းမြို့နယ် ပါရမီလမ်းနှင့် ပြည်လမ်းဆုံအနီး ပြည်လမ်းဝဲယာရှိ ရေနုတ်မြောင်းများ၊ ရေဆင်းနာပေါက်များ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြေသားများ ဖော်ယူရှင်းလင်းနေမှုတို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး လူသွားစင်္ကြံများ ရေရှည်ခိုင်မြဲမှု ရှိစေရေးအတွက် စနစ်တကျ လုပ်ဆောင်ရေး၊ရေနုတ်မြောင်းများရေစီးဆင်းမှုကောင်းစေရေးအတွက် တိုးချဲ့တူးဖော်ဆောင်ရွက်ရေး မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၃၁-၅-၂၀၀၈ ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀	၅။ တေးဂီတအစီအစဉ်
၈း၃၀	၆။ International News
၈း၄၅	၇။ ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ မင်းမော်ကွန်း၊လွင်မိုး၊ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ လှအဥ္ဆလီတင့်၊ ဂွမ်းပုံ၊ဧရာ
၉း၀၀	၈။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။ စစ်သည်တေး
၁၁း၂၀	၂။ တေးဂီတအစီအစဉ်
၁၁း၃၀	၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၂း၀၀	၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၅၀	၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **စစ်သူကြီးဆွန်ကြီး(အပိုင်း-၂၂)** (ဇာတ်သိမ်းပိုင်း)
၁၃း၅၀	၆။ **လောကနီတိ(၅) မေတ္တာအတိမ်အနက်ကို ချိန်ဆက်၍ ကြည့်သောအခါ** ပိုင်ဇေရဲထွန်း၊ စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော် ဒါရိုက်တာ - ဦးခင်ဇော်
၁၄း၁၀	၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၄း၂၀	၈။ တေးဂီတအစီအစဉ်
၁၄း၄၅	၉။ International News
၁၅း၀၀	၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအကများ
၄း၂၀	၃။ တေးဂီတအစီအစဉ်
၄း၄၅	၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၅။ မြန်မာ့စလေ့ရိုးရာလက်ဝှေ့
၆း၀၀	၆။ ညနေခင်းသတင်း
၆း၃၀	၇။ မိုးလေဝသအခြေအနေ
၆း၃၅	၈။ အလှရှာမယ် လှကမ္ဘာဝယ်
၇း၀၅	၉။ တေးဂီတအစီအစဉ်
၈း၀၀	၁၀။ ပြည်တွင်းသတင်း
	၁၁။ နိုင်ငံတကာသတင်းများ
	၁၂။ မိုးလေဝသအခြေအနေ
	၁၃။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မာယာထောင်ချောက်"** (အပိုင်း-၂၅)
	၁၅။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ဒူးရင်းသီးကို သင့်တင့်မျှတစွာ စားသုံးလျှင် အရေပြားပေါ်၌ ဖြစ်ပွားသည့်ရောဂါများ ကာကွယ်နိုင်

ဒူးရင်းသီးသည် ပူနွေးစွတ်စိုသော ရာသီဥတုတွင် ဖြစ်ထွန်းသည်။ မူလဇာတိမှာ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်သော်လည်း ယခုအခါ အရှေ့တောင်အာရှနိုင်ငံများ၊ တရုတ်နှင့် အင်ဒိုချိုင်းနားဒေသများ၌ပါ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။

လျော့ပါးသက်သာ

ဒူးရင်းသီး၏ အရသာမှာ ချိုသည့်အပြင် ဖန်သောအရသာလည်း ရှိသည်။ ဒူးရင်းသီး၏ အထူးခြားဆုံးမှာ အနံ့ဖြစ်ပြီး အသီးများ၌ ရနံ့အပြင်းဆုံးဖြစ်သည်။ ဒူးရင်းသီးအနံ့သည် အစာအိမ်ရောဂါများ ဖြစ်ပွားမှုကို လျော့ပါးသက်သာစေသည်ဟု ဗြိတိသျှသုတေသန ပညာရှင်များက ပြောကြားသည်။

ဒူးရင်းသီးကို သင့်တင့်မျှတစွာ စားသုံးခြင်းသည် အရေပြားပေါ်တွင် ဖြစ်ပွားတတ်သော အနာရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်သည့်အပြင် လျှာပေါ်၌ ဖြစ်ပွားတတ်သောရောဂါများကိုလည်း လျော့ပါးသက်သာစေသည်ဟု ဆိုသည်။

မူးဝေအော့အန်

သို့သော် ဒူးရင်းသီးကို သာမန်ထက်ပိုမိုစားသုံးပါက မူးဝေအော့အန်ခြင်း၊ အစာအဆိပ်သင့်မှုဖြစ်ပွားခြင်းနှင့် အစာချေဖျက်မှုစနစ်ကို ထိခိုက်စေနိုင်ကြောင်း ၎င်းတို့က သတိပေးပြောကြားသည်။



ရန်ကုန်(တောင်ပိုင်းခရိုင်)အတွင်းရှိ မြို့နယ်များမှ ကျောင်းနေအရွယ်ကလေးများအား စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများပေးအပ်

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေးနှင့် စာအုပ်၊ စာရေးကိရိယာ၊ကျောင်းဝတ်စုံပေးအပ်လှူဒါန်းပွဲကို မေ ၂၈ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်(တောင်ပိုင်း)ခရိုင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကား ပြောကြားသည်။ ထို့နောက် ရန်ကုန်(တောင်ပိုင်း)ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ ကျောင်းနေအရွယ် ကလေးများအား စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများကို ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးများက အသီးသီးထောက်ပံ့ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် ရန်ကုန်(တောင်ပိုင်း)ခရိုင် ပညာရေးမှူး ဦးအာရ်မြလွင်က ကျောင်းအပ်နှံရေးလုပ်ငန်းများ ရှင်းလင်း တင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် နိုင်ငံခြားငွေကြေး လှူဒါန်းလိုသူများလှူဒါန်းနိုင်

နေပြည်တော် မေ ၃၀

ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ နိုင်ငံခြားငွေကြေး လှူဒါန်းလိုသူများအနေဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၌ ဖွင့်လှစ်ထားသော အောက်ဖော်ပြပါ နိုင်ငံခြားငွေစာရင်းများသို့ ငွေပေးသွင်းခြင်းဖြင့် သော်လည်းကောင်း၊ လွှဲပို့ခြင်းဖြင့်သော်လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံခြားငွေစာရင်းများမှာ Rehabilitation and Reconstruction Sub-Committee Account၊ အမေရိကန်ဒေါ်လာစာရင်းအမှတ် - 1DA 06-00002၊ Rehabilitation and Reconstruction Sub-Committee Account၊ ယူရိုစာရင်းအမှတ် 1EA 06-00016 နှင့် Rehabilitation and Reconstruction Sub-Committee Account စင်ကာပူဒေါ်လာစာရင်းအမှတ် 1SA 06-00002 တို့ဖြစ်သည်။

(သတင်းစဉ်)

ထောက်ပံ့လှူဒါန်း

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ရန်ကုန်(တောင်ပိုင်း)ခရိုင်အတွင်းရှိ ကျောင်းနေအရွယ်ကလေးများအား စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့လှူဒါန်းစဉ်။

(ခရိုင်ပြန်/ဆက်)

မုန်တိုင်းဒဏ်ခံရသောပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိအလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများဆက်လက်လှူဒါန်း

နေပြည်တော် မေ ၃၀

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင် ပြည်သူများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ်၁၀၉၆၂၅၀ တန်ဖိုးရှိ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက အလှူငွေ ကျပ် ၁၂၄၉၉၀၀၀နှင့် ငွေကျပ်၁၀၀၂၃၀၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ စစ်ကိုင်းတိုင်းမှ စေတနာရှင် ပြည်သူများက အလှူငွေကျပ် ၂၂၃၂၃၀၀၀၊ မန္တလေးတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ် ၇၀၁၉၀၀ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ပဉ္စမအကြိမ်လှူဒါန်းငွေကျပ် ၂၅၁၁ သိန်း တို့ကို အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၁၁၄၁၅၃၀၀၀ အပါအဝင် စေတနာရှင် ပြည်သူများ၏ ယနေ့လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၁၁၈၉၆၁၅၀ (ငွေကျပ် သိန်းပေါင်းလေးထောင့်တစ်ရာတစ်ဆယ့်ရှစ်သိန်းကိုးသောင်း ခြောက်ထောင့် တစ်ရာ ငါးဆယ်) ဖြစ်ပြီး မေ ၃၀ရက် အထိ လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၀၅၉၈၉၀၂၈၁၄(ငွေကျပ်သိန်းပေါင်းတစ်သိန်းငါးထောင်ကိုးရာရှစ်ဆယ့်ကိုးသိန်းနှစ်ထောင့်ရှစ်ရာ တစ်ဆယ့်လေးကျပ်) ရှိပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ခြင်၊ယင်နှိမ်နင်းရေး ဆေးမှုတ်စက်များလှူဒါန်း

ရန်ကုန် မေ ၃၀

လေဘေးကယ်ဆယ်ရေးအတွက် ကိုရီးယားနိုင်ငံ GS. Holdings မှ ပေးအပ်လှူဒါန်းသော ခြင်၊ ယင် နှိမ်နင်းရေးဆေးမှုတ်စက် အလုံး ၃၀အား မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် BLM Services Co.,Ltd. မှ ကျန်းမာရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်က လက်ခံယူကြောင်းသိရသည်။ **(က-ပ)**

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်

၁။ ရာသီဥတုဒဏ်ခံနိုင်သည့် အမိုးအကာအောက်တွင် နေထိုင်ကြရန်၊
၂။ အအေးမမိစေရန် နွေးထွေးသောအဝတ်များကို ဝတ်ဆင်နေထိုင်ကြရန်၊
၃။ ရေကိုကျိုချက်သောက်ရန်(သို့မဟုတ်)ကလိုရင်းဆေးခတ်ထားသောရေကိုသာသောက်သုံးရန်၊
၄။ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊
၅။ သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့် အစာများကိုသာ စားသုံးကြရန်၊
၆။ အတတ်နိုင်ဆုံးသန့်ရှင်းသောယင်လုံအိမ်သာကို သုံးစွဲကြရန်၊
၇။ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် မိလ္လာနှင့်အမှိုက်သရိုက်၊ အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊
၈။ ထိခိုက်မှုအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုဆောင်ရွက်ကြရန်၊
၉။ ရေကြီးပါက မြွေအန္တရာယ်တွေ့ကြုံရတတ်သဖြင့် သတိပြုကြရန်၊
၁၀။ ခြင်ကိုက်မခံရအောင် သတိပြုနေထိုင်ကြရန်၊
၁၁။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ဆေးကြရန်၊
၁၂။ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးသည့်အခါ အဆုတ်ရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မြွေဆိုးကိုက်အန္တရာယ်၊ ထိခိုက်မှုအန္တရာယ်နှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ ဖြစ်ပွားပါက အနီးဆုံး ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများစာရင်းကြေညာ

နေပြည်တော် မေ ၃၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ ၂၀၀၈ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ဖိတ်ခေါ်ကျင်းပခဲ့သည့် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲတွင် ပထမ မနန်းလောဝ်ခမ်း၊ ဒုတိယ ဦးရန်မျိုးနိုင်၊ တတိယ မခင်ခင်စိုးနှင့် အထူးဆု (၁) ဒေါက်တာဆန်းဝင်း၊ အထူးဆု (၂) ဦးဇော်မျိုးလွင်၊ အထူးဆု(၃) ဒေါက်တာချိုချိုတင့် (မတင့်-မြန်မာစာ)တို့ဖြစ်ကြပြီး အလွတ်တန်း စာစီစာကုံးပြိုင်ပွဲတွင် ပထမ မသဇင်သက်စုတင်၊ ဒုတိယ မဖြူဖြူဟာန်၊ တတိယ မောင်ဗညားအောင်နှင့် အထူးဆု (၁) မောင်စိုးမင်းသူ၊ အထူးဆု (၂) မဇာဇာဝင်းသိန်း၊ အထူးဆု (၃) မစုစုအေးအောင်ဌေးတို့ ဖြစ်ကြသည်။

နှိုးဆော်ထား

ဆုများကို ဇွန် ၅ရက်တွင် နေပြည်တော်၌ ကျင်းပမည့် အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး ဆုရရှိသူများသည် ဆုတက်ရောက်လက်ခံနိုင်ရန်အတွက် ဇွန်၄ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး သစ်တောရေးရာဝန်ကြီးဌာနရုံးအမှတ် ၂၈ နေပြည်တော် ဖုန်း-၀၆၇-၄၀၅၃၈၃၊ ၄၀၅၃၈၆ နှင့် ၄၀၅၃၉၀တို့သို့ ရုံးချိန်အတွင်းဆက်သွယ်ကြရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာသဘာဝဘေးအန္တရာယ်ဖောင်ပိတ်သတင်း

အယ်မာမုန်တိုင်း နီကာရာဂွာနိုင်ငံသို့ ဝင်ရောက်တိုက်ခတ် နေအိမ်များပျက်စီးပြီး သေဆုံးဒဏ်ရာရရှိမှုဖြစ်ပေါ်

မာနာဂွာ မေ ၃၀

မေ၂၉ရက်က ဖော်ပြခဲ့သော အယ်မာအမည်ရှိ မုန်တိုင်းသတင်းနှင့်ပတ်သက်၍ မေ၃၀ရက် အင်တာနက်သတင်း၌ ဆက်လက်ဖော်ပြရာတွင် အဆိုပါမုန်တိုင်းသည် မေ၃၀ရက် နံနက်က နီကာရာဂွာနိုင်ငံ အနောက်ပိုင်း လီယွန်မြို့ကို ဖြတ်သန်းတိုက်ခတ်ခဲ့ကြောင်း သိရသည်။

အယ်မာမုန်တိုင်း တိုက်ခတ်မှုကြောင့် လီယွန်မြို့တွင် နေအိမ်များပျက်စီးပြီး ဓာတ်အားကြိုးများနှင့် ဆက်သွယ်ရေးတိုင်များ ပြတ်တောက်ပြိုလဲကာ သစ်ပင်များအမြစ်မှ ကျွတ်ထွက်လဲကျခဲ့ကြောင်း**(အောက်ပုံ)**၊ လူတစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းမုန်တိုင်းသည် ဂွာတီမာလာနိုင်ငံဘက်သို့ ဦးတည်ကာ ဆက်လက်ရွေ့လျားနေကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

အိုက်စလန်၌အင်အားပြင်းငလျင်လှုပ် နေအိမ်နှင့်တံတားများပြိုကျပျက်စီးခဲ့

ဆဲလ်ဖော့စ် မေ ၃၀

အိုက်စလန်နိုင်ငံ အနောက်တောင်ပိုင်းတွင် မေ ၂၉ရက်က ရစ်ချ်တာစကေး ၆ဒသမ၇ရှိသော အင်အားပြင်း ငလျင်လှုပ်ကြောင်း အင်တာနက်သတင်း၌ဖော်ပြခဲ့သော်လည်း မေ၃၀ရက် အင်တာနက်သတင်းတွင်မူ ငလျင်ပြင်းအားမှာ ရစ်ချ်တာစကေး ၆ဒသမ၂ဖြစ်ကြောင်း ဖော်ပြသည်။

အဆိုပါအင်အားပြင်း ငလျင်လှုပ်မှုကြောင့် အိုက်စလန်နိုင်ငံ အနောက်တောင်ပိုင်း ဟာရာဂါဒီနှင့် ဆဲလ်ဖော့စ်မြို့များတွင် နေအိမ်များ(အောက်ပုံ) ပျက်စီးခဲ့ကြောင်း၊ တံတားအချို့ပျက်စီးခဲ့ပြီး မော်တော်ကားလမ်းအချို့ ကွဲအက်ပျက်စီးခဲ့ကြောင်း၊ သို့သော်သေဆုံးသူမရှိဘဲ ဒဏ်ရာရရှိသူများရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အင်ဒိုနီးရှား၌ ရွှံ့မီးတောင်လှုပ်ရှား ဒေသခံ၁၀၀၀ခန့် ရွှေ့ပြောင်းပေးခဲ့ရ

ပိုရောင်း မေ ၃၀

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ စီဒိုရာဂျိုမြို့အနီးရှိ ရွှံ့မီးတောင်သည် မေ၂၉ရက်က လှုပ်ရှားလာပြီး ရွှံ့ရည်များနှင့် မီးခိုးများ မှုတ်ထုတ်လျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံမှ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ထိုသို့ မီးတောင်မှ ရွှံ့ရည်များမှုတ်ထုတ်နေမှုကြောင့် မီးတောင်အနီးဝန်းကျင်၌ နေထိုင်သော ဒေသခံ၁၀၀၀ခန့်အား အလျင်အမြန်ရွှေ့ပြောင်း ပေးလျက်ရှိကြောင်းသိရသည်။

မောင်မောင်မြင့်ဆွေ စုစည်းဘာသာပြန်သည်

မြန်မာ့အလင်း မိုးလေဝသသတင်း

အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ဆက်လက်ဝင်ရောက်နိုင်

သန်းဇော်ရေးသားတင်ပြသည်

ရန်ကုန် မေ ၃၀

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မေ ၃၀ရက် မွန်းလွဲ ၂နာရီ ထုတ်ပြန်ချက်အရ မိုးလေဝသ အခြေအနေများကို ဖော်ပြလိုက်ပါသည်။

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများကို လွန်ခဲ့သော ၂၄နာရီအတွင်းက ဝင်ရောက်လျက်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်လည်း မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

ပြည်နယ်နှင့်တိုင်းတစ်ဝန်း၌ နေရာစိပ်စိပ်သာမိုးရွာသွန်းပြီး ကရင်ပြည်နယ်၌ မိုးကြီးခဲ့သည်။

နေ့အပူချိန်များအနေဖြင့် တနင်္သာရီတိုင်းတွင် မေလပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်

မန္တလေးတိုင်းတွင် မေလပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်၌ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ မေလပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့ကြောင်းသိရသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော်	၀ ဒသမ ၅၂ လက်မ
ဘားအံ	၃ ဒသမ ၀၃ လက်မ
လှိုင်လင်	၂ ဒသမ ၀၁ လက်မ
သထုံ	၁ ဒသမ ၉၆ လက်မ
နမ့်စန်	၁ ဒသမ ၇၄ လက်မ
ထားဝယ်	၁ ဒသမ ၁၁ လက်မ
တောင်ငူ	၀ ဒသမ ၉၈ လက်မ **တို့ဖြစ်ကြသည်။**

မြန်မာ့ပင်လယ်ပြင်တွင် မေ ၃၁ရက်ညနေအထိ ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများ ကျရောက်နိုင်ရာ မိုးသက်လေပြင်းကျစဉ် မြေပြင်ရေပြင်လေသည် တစ်နာရီ ၃၅မိုင်နှုန်းမှ မိုင် ၄၀အထိ တိုက်ခတ်နိုင်ပြီး မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

မေ ၃၁ရက် **(ယနေ့)**ညနေအထိ ခန့်မှန်းချက်အရ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာပြီး မန္တလေးမြို့နှင့်အနီးတစ်ဝိုက်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ခန့်မှန်းသည်။

မေ ၃၀ရက်၌ ရန်ကုန်မြို့လယ်တွင် မိုးရေချိန် ၃မမ (၀ ဒသမ ၁၂လက်မ) ရွာသွန်းခဲ့ပြီး နှစ်ဆန်း ဇန်နဝါရီ ၁ရက်နေ့မှ ယနေ့ အထိ-

မင်္ဂလာဒုံ ၇၂၉မမ (၂၈ ဒသမ ၇၀လက်မ)

ကမ္ဘာအေး ၈၅၅မမ (၃၃ ဒသမ ၆၆လက်မ)

ရန်ကုန်မြို့လယ် ၁၀၃၃မမ (၄၀ ဒသမ ၆၇လက်မ) ရွာသွန်းပြီး ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ မေ ၂၉ ရက် ညနေ ၆နာရီခွဲတွင် တောင်ဘက်မှ တစ်နာရီလျှင် (၆)မိုင်နှုန်းတိုက်ခတ်ခဲ့ကြောင်း သိရပြီး နောက်နှစ်ရက်အတွင်းမှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများကို ဆက်လက်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း မြန်မာ့အလင်းပရိသတ်များအား မိုးလေဝသသတင်းစကား ပါးလိုက်ရပါကြောင်း။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

❒ ***ရှေ့ဖုံးမှ***

ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သံမှူး Mr.Tang Hai က တရုတ်ပြည်သူ့သမ္မတနိုင်ငံဆေးကုသရေးအဖွဲ့မှ လှူဒါန်းသည့် မီနီဘတ်စ်မော်တော်ယာဉ်နှစ်စီး၊ လူနာတင်ယာဉ်နှစ်စီး၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါ မော်တော်ယာဉ်များနှင့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည် ဖြစ်ကြောင်းသိရသည်။

ဆေးအကာအကွယ်ပေး

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့ကို ဒေါက်တာကျန်ရှီပင်း ခေါင်းဆောင်၍ အုပ်ချုပ်သူ၊ ဆရာဝန်များနှင့် သူနာပြုများ စုစုပေါင်းအဖွဲ့ဝင် ၅၀တို့ လိုက်ပါခဲ့ကြပြီး ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်၊ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့မှ လေဘေးသင့်ပြည်သူ လေးထောင်ကျော်တို့အား ဆေးအကာအကွယ်များ ပေးခဲ့ကြောင်းသိရှိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

နယူးယောက်မြို့၌ ဝန်ချီစက်ပြိုလဲကျ အလုပ်သမားတစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

နယူးယောက် မေ ၃၀

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် မေ၃၀ရက်က ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ ဝန်ချီစက် ပြိုလဲကျခဲ့ရာ အလုပ်သမားတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာပြင်းထန်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အခင်းဖြစ်ပွားမှုမှာ နယူးယောက်မြို့ မင်ဟက်တန်အရပ်ရှိ ၄၃ထပ်မြင့်သော အဆောက်အအုံတစ်ခု၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ အလုပ်လုပ်ကိုင်နေစဉ် အဆိုပါဝန်ချီစက် ပြိုလဲကျခဲ့ခြင်းဖြစ်သည်။

31-5 (05).pmd 1 5/31/2008, 3:00 AM

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာပွဲကျင်းပ

နေပြည်တော် မေ ၃၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဇနီး ဒေါ်ခင်မြဦးတို့သည် မေ ၂၄ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ဇိနမာန်အောင်ကျောင်းတိုက်၌ ကျင်းပသော အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ပဌမအကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြပြီး ဆရာတော်ကြီးများနှင့် ဒုလ္လဘရဟန်းလောင်း ၉၁ပါး၊ ရှင်သာမဏေလောင်း ၁၇ပါးတို့အား သိမ်ဆင်းလောင်းလှူကြသည်။ ထို့နောက် ဇောတိကာရာမကျောင်းတိုက် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ကဝိန္ဒထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ဖတ် သရဇ္ဈာယ်ချီးမြှင့်ကြသည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဝံသထံမှ ရေစက်ချအနုမောဒနာတရား နာယူကြကာ တိုင်းမှူးနှင့် ဇနီးတို့က ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ချောက်အဆင့်မြင့် ကြွေသီးစက်ရုံစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

စက်မှု(၁) ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်းရှိစက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မေ ၂၅ရက် ညနေပိုင်းတွင် မြန်မာ့ကြွေထည်၊မြေထည် လုပ်ငန်း မကွေးတိုင်း သရက်ဘိလပ်မြေစက်ရုံသို့ရောက်ရှိပြီး စက်အရန်ပစ္စည်းများ ထုတ်လုပ်ပြသမှုကို ကြည့်ရှုစစ်ဆေး သည်။

ဆက်လက်၍ ဝန်ကြီးသည် အောင်လံမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်သို့ လည်းကောင်း၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ် ကျေးရွာအနီး မြန်မာ့စားသောက်ကုန် လုပ်ငန်း ပြောင်းဖူးထုတ်ကုန်ပစ္စည်း စက်ရုံနှင့် ပြောင်းဖူးဆီ ထုတ်လုပ်မှု စက်ရုံတို့သို့ လည်းကောင်း၊ တောင်တွင်းကြီးမြို့ရှိ မြန်မာ့အထည်အလိပ် လုပ်ငန်း ဝါကြိတ်စက်ရုံသို့ လည်းကောင်း ရောက်ရှိကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်း ပွင့်ဖြူမြို့နယ် ကန်သာကြီးကျေးရွာအနီး မြန်မာ့ အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ) သို့ လည်းကောင်း၊ ဝင်းသူဇာ အရောင်းဆိုင်(ပွင့်ဖြူ)၏ ရောင်းကုန်ပစ္စည်းများ ရောင်းချမှု အခြေအနေကိုလည်းကောင်း၊ မကွေးမြို့ရှိ ထီးစက်ရုံ၏ ထီးလုပ်ငန်း ထုတ်လုပ်မှုအဆင့်ဆင့်၊ မကွေး အချိုရည်စက်ရုံ၏ အချိုရည် ထုတ်လုပ်မှု လုပ်ငန်းများနှင့် ဆပ်ပြာစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၃၀

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ရုံးအဆောက်အအုံသုံး ပစ္စည်းများ၊ တာပေါ်လင်များ၊ မီးစက်နှစ်လုံး၊ လီတာ ၁၀၀၀ ဆံ့ ဆီတိုင်ကီသုံးလုံး၊ လီတာ ၁၀၀၀ဆံ့ ရေတိုင်ကီလေးလုံး၊ ဆီထည့်ပန့်ရှစ်ခု၊ မီးသတ်ဆေးဘူး ရှစ်လုံး၊ အိမ်သာသုံး ပစ္စည်းများ စုစုပေါင်း ၃၄ ဒသမ ၆၉တန်သည် IL-76 လေယာဉ်ဖြင့် ယနေ့နံနက် ၈နာရီ၂၅မိနစ်၊အမေရိကန်ပြည်ထောင်စုမှ အသက်ကယ်လှေ ခြောက်စင်း၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ပလတ်စတစ်စများ စုစုပေါင်း ၅၂ဒသမ၄၃ တန်သည် C-130 လေယာဉ်ငါးစင်းဖြင့် နံနက် ၈နာရီ ၅၅မိနစ်၊ နံနက် ၁၀နာရီ ၅မိနစ်၊ နံနက်၁၁နာရီ၁၃မိနစ်၊ မွန်းလွဲ ၁၂နာရီ ၅မိနစ်နှင့် မွန်းလွဲ ၁နာရီ ၁၅မိနစ်တို့တွင်လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ တာပေါ်လင်များ စုစုပေါင်း ၃၇ဒသမ၄၂၃ တန်သည် DC-8 လေယာဉ်ဖြင့် နံနက် ၁၀နာရီ မိနစ် ၄၀တွင်လည်းကောင်း၊ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) မှ ကျန်းမာရေးသုံး ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ရေသန့်ဆေးပြားများ ၂၉ဒသမ၅၉ တန်သည် AN-12 လေယာဉ်နှစ်စင်းဖြင့် မွန်းလွဲ ၁၂နာရီ ၂၇မိနစ်နှင့် ည ၇နာရီ မိနစ်၅၀တို့တွင် လည်းကောင်း၊ ဗြိတိန်နိုင်ငံမှ ပလတ်စတစ်စများ၊ စောင်များ ၇၃ ဒသမ ၇၆၅တန်သည် A-310 လေယာဉ်နှစ်စင်းဖြင့် မွန်းလွဲ ၂နာရီ ၁၈မိနစ်နှင့် ည ၈နာရီ ၁၀မိနစ်တို့တွင်လည်းကောင်း၊ ယူအေအီးနိုင်ငံ ဒူဘိုင်းအခြေစိုက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့(IFRC) မှ ဆေးဝါးမျိုးစုံ၊ ခြင်ထောင်များ၊ တာပေါ်လင်များ စုစုပေါင်း ၃၉ဒသမ ၇၉၄တန်သည် DC-8 လေယာဉ်ဖြင့် ညနေ၄နာရီ၃၅မိနစ်တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ် များတွင် ပစ္စည်း လက်ခံရယူရေးအဖွဲ့များက စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေ ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်းရှိ ဆက်သွယ်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃၀

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းသည် မေ၂၅ရက်နံနက်ပိုင်းက မြောင်းမြမြို့ အော်တိုအိတ်ချိန်း၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဝန်ထမ်းသားသမီးများအား ကျောင်းသုံးဗလာစာအုပ်၊ ဘောလ်ပင်နှင့် ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။

ထောက်ပံ့

ထို့နောက် ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် လပွတ္တာမြို့ စာတိုက်၊ ကြေးနန်းရုံးနှင့် အော်တိုအိတ်ချိန်း အဆောက်အအုံများ အမြန် ပြုပြင်ဆောင်ရွက်ရန် မှာကြားပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး လေဘေးသင့် ဝန်ထမ်းများအား ထောက်ပံ့ကြေးငွေများနှင့် ဝန်ထမ်းသားသမီးများအား ကျောင်းသုံးဗလာစာအုပ်၊ ဘောလ်ပင်နှင့် ထောက်ပံ့ကြေးငွေများ ထောက်ပံ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည်ကျိုက်လတ်မြို့တွင်လေဘေးသင့် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ပြီး လေဘေးသင့် ဝန်ထမ်းများအား ထောက်ပံ့ကြေးငွေများနှင့် ဝန်ထမ်းသားသမီးများအား ကျောင်းသုံးဗလာစာအုပ်၊ ဘောလ်ပင်နှင့် ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် မေ၂၇ရက်က ဖျာပုံအိတ်ချိန်းသို့ ရောက်ရှိပြီး အိတ်ချိန်းတိုးချဲ့ တပ်ဆင်ထားမှုအခြေအနေ CDMA တာဝါ တပ်ဆင်ထားရှိမှုနှင့် အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ်စခန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လေဘေးသင့် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ဝန်ထမ်းများအား ထောက်ပံ့ကြေးငွေများနှင့် ဝန်ထမ်းသားသမီးများအား ကျောင်းသုံး ဗလာစာအုပ်၊ ဘောလ်ပင်နှင့် ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။

ဒုတိယဝန်ကြီးသည် ဘိုကလေးမြို့နှင့် မော်လမြိုင်ကျွန်းမြို့သို့ရောက်ရှိခဲ့ပြီး လေဘေးကြောင့် ပျက်စီးသွားသော မိုက္ကရိုဝေ့ဗ်တာဝါ ပြန်လည်တည်ဆောက်ရန်နှင့် တယ်လီဖုန်းလိုင်းများ လျင်မြန်စွာ ပြန်လည်ပြုပြင်ရန် မှာကြားခဲ့ပြီး ဘိုကလေးမြို့နှင့် မော်လမြိုင်ကျွန်းမြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ဝန်ထမ်းများအား ထောက်ပံ့ကြေးငွေများနှင့် ဝန်ထမ်းသားသမီးများအား ကျောင်းသုံးဗလာစာအုပ်၊ ဘောလ်ပင်နှင့် ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။

အကောင်အထည်ဖော်

ဒုတိယဝန်ကြီးသည် မေ၂၈ရက်က ဒေးဒရဲမြို့၊ ကွမ်းခြံကုန်းမြို့နှင့် ကော့မှူးမြို့များသို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော စာတိုက်နှင့် ကြေးနန်းရုံးများ၊ အော်တိုအိတ်ချိန်းများ ပြန်လည်ပြုပြင်ဆောင်ရွက်မည့် အစီအစဉ်များကို မြန်ဆန်စွာ အကောင်အထည်ဖော်ရန် မှာကြားပြီး မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ကြေးငွေများ ပေးအပ်ပြီး ဝန်ထမ်းသားသမီးများအား ကျောင်းသုံး ဗလာစာအုပ်၊ ဘောလ်ပင်နှင့် ထောက်ပံ့ကြေးငွေများ ထောက်ပံ့ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

သောက်ရေသန့်များနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက် လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းအတွင်းရှိ သောက်ရေသန့်စက်ရုံများသည် ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ကြောင့် ပျက်စီးခြင်း ရှိမရှိနှင့် ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ သောက်ရေသန့်များ ထုတ်လုပ်နိုင်ခြင်း ရှိမရှိကို ကျန်းမာရေး ဦးစီးဌာနက စစ်ဆေးလျက်ရှိပါသည်။ စစ်ဆေးပြီးသောက်ရေသန့်လုပ်ငန်းများအနက် အောက်ဖော်ပြပါ သောက်ရေသန့်လုပ်ငန်းများမှာ သောက်ရေသန့် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါသည်။

စဉ်	သောက်ရေသန့်လုပ်ငန်းအမည်	စဉ်	သောက်ရေသန့်လုပ်ငန်းအမည်
၁။	Sunflower သောက်ရေသန့်	၉။	နေလသောက်ရေသန့်
၂။	Zest သောက်ရေသန့်	၁၀။	Comet သောက်ရေသန့်
၃။	SIP သောက်ရေသန့်	၁၁။	Winner သောက်ရေသန့်
၄။	Nawarat သောက်ရေသန့်	၁၂။	PGS သောက်ရေသန့်
၅။	Great သောက်ရေသန့်	၁၃။	YOMA သောက်ရေသန့်
၆။	Fresh Water သောက်ရေသန့်	၁၄။	FIFA သောက်ရေသန့်
၇။	OSAKA သောက်ရေသန့်	၁၅။	Golden Cherry သောက်ရေသန့်
၈။	Star H_2O သောက်ရေသန့်	၁၆။	နေမင်းသောက်ရေသန့်

၃။ သို့ပါ၍ သောက်ရေသန့်လုပ်ငန်းများသည် သောက်ရေသန့် သတ်မှတ်ချက်နှင့်ကိုက်ညီကြောင်း ကျန်းမာရေး ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပါရန် အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်
စိုက်ပျိုး
အလှတိုး

စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက် ရန်ကုန်-စစ်တွေကားလမ်းပေါ်ရှိ သယု(ပဲပဒုံ)တံတား တည်ဆောက်ရေးစီမံကိန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး မှာကြား

နေပြည်တော် မေ ၃၀

ရခိုင်ပြည်နယ် အမ်းမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၇ရက် နံနက် ၇နာရီခွဲက အမ်းမြို့ ပဲပဒုံရွာအနီး ရန်ကုန်-စစ်တွေကားလမ်းပေါ်ရှိ သယု(ပဲပဒုံ)တံတားတည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းဆွေက တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရန်ပုံငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ခင်ဇော်က စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးနှင့် ပစ္စည်းများလေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲ ဆောင်ရွက်ရေးတို့ကိုမှာကြားကာ တံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် သယုချောင်းကူး ဘေလီကြိုးတံတားသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတားကြံ့ခိုင်မှုရှိစေရန် အမြဲမပြတ် စစ်ဆေး၍ ယာဉ်များတစ်စီးပြီးမှတစ်စီး ဖြတ်သန်းရေး၊ တံတားပေါ်၌ ယာဉ်များသတ်မှတ်မိုင်နှုန်းဖြင့်သာ မောင်းနှင်ရေးတို့ကို မှာကြားသည်။

ဆောင်ရွက်နေ

အဆိုပါသယု(ပဲပဒုံ)တံတားသည် အရှည်ပေ ၄၀၀၊ အကျယ် ၂၄ပေနှင့် တံတားခံနိုင်ဝန်မှာ ၃၆တန် ဖြစ်ပြီး ၂၀၀၈ခုနှစ် ဧပြီ ၁ရက်မှစတင်၍ တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

ဦးစားပေးဆောင်ရွက်

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် အမ်း-ပဒါန်းလမ်း တစ်လျှောက် လမ်း၊ တံတားများ ကြံ့ခိုင်မှုအခြေအနေနှင့်လမ်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၆၄/၇)မိုင်ရှိ ကြက်ရေစမ်းစခန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ခံ အင်ဂျင်နီယာများက မင်းဘူး-အမ်း-တပ်တောင်လမ်း၊ မင်းဘူး-ငဖဲလမ်း (မင်းဘူးမြို့နယ်) လမ်းပိုင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်း တင်ပြကြရာ ဗိုလ်ချုပ်ခင်ဇော်က မြေထိန်းကျောက်စီနံရံနှင့် ကွန်ကရစ်မြောင်းများ ပြုလုပ်ရေး ရရှိသည့် ရန်ပုံငွေဖြင့် လမ်းပိုင်းအလိုက် တိုးတက်ကောင်းမွန်အောင် ဦးစားပေး ဆောင်ရွက်ရေး တို့ကို မှာကြားသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက်ဗိုလ်ချုပ်ခင်ဇော်သည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ လိုက်ပါလျက် ရခိုင်ပြည်နယ်နှင့် မကွေးတိုင်း နယ်စပ် မိုင်တိုင်အမှတ်(၆၀)သို့ရောက်ရှိရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေတို့က အမ်း-ပဒါန်း-မင်းဘူးလမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကိုမှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

စနစ်တကျဆောင်ရွက်

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် အမ်း-ပဒါန်း-မင်းဘူး (နတ်ရေတောင်)လမ်းအတိုင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နတ်ရေကန်တောင်မိုက်ခရိုဝေ့ဖ် မိုင်တိုင်အမှတ် (၄၉/၅၃)သို့ရောက်ရှိကာ တာဝန်ရှိသူများအား နှစ်အလိုက်ရရှိသည့် ရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရေးတို့ မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်မြောက်ဘက်ရင်ပြင် (သောကြာထောင့်) အာရုံခံတန်ဆောင်း တည်ဆောက်ရန် မန္တလေးမြို့ ၃၁လမ်းနှင့်၃၂လမ်းကြားနေ ဦးကျော်ဟန်၊ ဒေါ်လှလှ၊ (မြေး) မောင်ပြည့်ဖြိုးဟန်၊ ဦးပတ်ဖွန်၊ ဒေါ်သန်းသန်းဌေး၊ ဦးစိန်ဝင်း၊ ဒေါ်သန်းသန်းနွယ် မောရဂီဝါအပေါင်းဆိုင်မိသားစုက အလှူငွေကျပ်နှစ်သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဝေမင်းနှင့် ဦးမြင့်သိန်းတို့က အနုမောဒနာဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၃၀

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် မေ ၂၉ရက်နံနက် ၇နာရီက တောင်ညိုတပ်နယ်အမှတ်(၂)တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်းတွင် ကျင်းပသောဒုတိယအကြိမ်မြောက် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ သေနတ်ပစ်အားကစား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တပ်မတော်သားများ၏ သေနတ်ပစ်စွမ်းရည် ပိုမိုမြင့်မားလာစေရန်၊ တပ်မတော်သားများ သေနတ်ပစ်အားကစားနည်းကို ကျယ်ပြန့်စွာ ပါဝင်ယှဉ်ပြိုင်ကစားခြင်းဖြင့် မိမိကိုင်တွယ်ပစ်ခတ်ရသည့် လက်နက်များကို ကျွမ်းကျင်ပိုင်နိုင် ထိရောက်စွာအသုံးပြု ပစ်ခတ်နိုင်စေရန်၊ ပြိုင်ပွဲဝင်အဆင့်မရောက်သေးသည့် တပ်မတော်သားများအနေဖြင့်လည်း အားကျသည့်စိတ်၊ အောင်ပွဲခံလိုသည့်စိတ်တို့ဖြင့် ကြိုးစားလာစေပြီး သေနတ်ပစ်အရည်အသွေးပြည့်ဝသည့် မျိုးဆက်သစ်သေနတ်ပစ် အားကစားသမားများပေါ်ထွက်လာစေရန်၊ တိုင်းစစ်ဌာနချုပ်လက်ရွေးစင်မှသည် တပ်မတော်လက်ရွေးစင်များအဖြစ် သေနတ်ပစ်အားကစားထူးချွန်သူများ ပေါ်ထွက်လာစေရန်ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ ကျင်းပပေးရခြင်းဖြစ်ကြောင်းဖြင့် အကျယ်တဝင့် မှာကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက ပစ္စတိုပစ်ခတ်စဉ်ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။ ယမန်နေ့ကစတင်ဖွင့်လှစ်ကျင်းပသည့် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၆သင်း၊ ပြိုင်ပွဲဝင်စစ်သည်၊ ရဲမေ စုစုပေါင်း ၃၂၇ဦးတို့ဖြင့် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲပုံစံများအတိုင်း အမျိုးသားပြိုင်ပွဲပစ်ခတ်စဉ် ၁၁မျိုးနှင့် အမျိုးသမီးပြိုင်ပွဲပစ်ခတ်စဉ် အမျိုးအစားသုံးမျိုး စုစုပေါင်း ၁၄မျိုးတို့အား ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကာလမှာ မေ၂၉ရက်မှ ဇွန်၁၀ရက်အထိ စုစုပေါင်း ၁၂ရက် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းမှ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ မီးရထားပေါ်သို့တင်ပို့နေမှု မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများ လိုက်ပါလျက် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်ရန် အလှူရှင်များက လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများအား မန္တလေးဘူတာကြီးမှတစ်ဆင့် ရန်ကုန် (ဗဟို)သို့ မြန်မာ့မီးရထားဖြင့် ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော မန္တလေး ဘူတာကြီးသို့ မေ ၂၀ရက် နံနက် ၁၁နာရီက သွားရောက် ကြည့်ရှုစစ်ဆေးကာ **(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်မှု လုပ်ငန်းနေရာ၌ မြန်မာ့မီးရထားမှဝန်ထမ်းများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက အမှတ်(၂) မန္တလေး-ရန်ကုန်အစုန်ရထား ကုန်တင်တွဲများပေါ်သို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလှူရှင်များက လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ တင်ပို့နေမှုနှင့်ပတ်သက်၍ မြန်မာ့မီးရထား တိုင်းပို့ဆောင်ရေးမန်နေဂျာ ဦးခင်မောင်ဆွေနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးစီးအရာရှိ ဦးထက်အောင်ဖြိုးတို့က ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၃၁၃)

ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၃၀

ကယားပြည်နယ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ဌာနဆိုင်ရာများ၏ ၂၀၀၈ခုနှစ် ပထမလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၁ရက် နံနက် ၈နာရီက ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေး

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင် တက်ရောက်၍ အမှာစကားပြောကြားပြီး**(အပေါ်ပုံ)**ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်း ညှိနှိုင်းဆွေးနွေးကြသည်။ (ခရိုင် ပြန်/ဆက်)

သားသမီးတို့အပေါ် အစဉ်လွှမ်းခြုံလျက်ရှိသည့် မိဘ၏ မေတ္တာစေတနာ

(ယမန်နေ့မှ အဆက်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဒေးဒရဲမြို့နယ် ကံ့ဒါးကျေးရွာမှ ဖျာပုံခရိုင် ဖျာပုံမြို့သို့ ခရီးတစ်ထောက်ရောက်ရှိကြကာ လေဘေးဒဏ်ကြောင့် ပျက်စီးမှုများအတွက် ဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပါသည်။ ယင်းနောက် ဆရာဇော်ဂျီ ရာပြည့်ခန်းမသို့ရောက်ရှိပြီး ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေတို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက လုပ်ငန်းများ သွက်လက်ထိရောက် လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး လမ်းညွှန်မှာကြားခဲ့ပါသည်။ ယင်းနောက် ကယ်ဆယ်ရေးစခန်း အမှတ်(၁)သို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအား အမိုးအကာ လုံခြုံစွာ စနစ်တကျနေရာချထားပေးမှုကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား တွေ့ဆုံ အားပေးစကား ပြောကြားပါသည်။ ဆက်လက်၍ ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မြေရေစစ်အိုးစီမံချက်ဖြင့် မိသားစုသောက်ရေသန့် ရရှိရေး ဆောင်ရွက်ပေးထားမှုနှင့် ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် လေဘေးဒဏ်ကြောင့် ဆေးဝါးကုသမှုခံယူနေကြသူများအား အားပေးစကား ပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြန်လည် ပြုပြင်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပါသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီ၁၅မိနစ်တွင် ဖျာပုံခရိုင် ဒေးဒရဲမြို့သို့ရောက်ရှိကြပြီး ဒေးဒရဲမြို့ လေဘေးဒဏ်သင့်ခံရမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးကြပါသည်။ ယင်းနောက် ဗိုလ်ချုပ်လမ်းရှိ ကွပ်ကဲရေးရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဗိုလ်ချုပ်မှူးကြီးအား ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိကဒေးဒရဲမြို့၌ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က တိုင်းအတွင်း စပါးဖူလုံပိုလျှံမှု၊ ဆန်စက်များ ပြန်လည်လည်ပတ်နိုင်မှု၊ လယ်ယာမြေ ပြန်လည်ပြုပြင်ရေးနှင့် တာတမံများ ကြံ့ခိုင်အောင် ပြန်လည်ပြုပြင် တည်ဆောက်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြပါသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြား၍ ဒေးဒရဲတံတားအနီးရှိ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး စကား ပြောကြားခဲ့ပါသည်။

ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီ
နိုင်ငံတော်ကို တည်ဆောက်လာခဲ့ခြင်းဖြစ်
သုံးရပ်၏ ညီညွတ်သည့် အားမာန်စွမ်းအား
အတည်း၊ အခက်အခဲကိုမဆို ရင်ဆိုင်ကျော်
တိုင်ပင်ဖြစ်ကြောင်း၊ ယခုမုန်တိုင်းဒဏ်
၍ပေါင်းစည်းညီညွတ်သည့်စွမ်းအားဖြင့်ပြ
ထူထောင်နေခြင်းဖြစ်ကြောင်း၊ ရှေ့အဖို့မှာလ
နှင့်ပင် မိမိနိုင်ငံ မိမိ ဆက်လက်တည်ဆောက်
တွင်လည်း အောင်မြင်မှုများရရှိမှာ အမှန်ပ
လမ်းညွှန်အမှာစကားသည် များစွာအနှစ်သ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လပွတ္တာမြို့နယ် ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)



ဖျာပုံမြို့၌ ဗိုလ်ချုပ်မှူးကြီးက လမ်းညွှန် မှာကြားရာတွင် "နိုင်ငံတော် တည်ဆောက်ရေး၌ နိုင်ငံတော်အစိုးရချည်းသက်သက် ဆောင်ရွက်၍မရနိုင်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် အင်အားစုသုံးရပ်ညီညွတ်စွာ ပူးပေါင်းတည်ဆောက်မှ အောင်မြင်နိုင်မည်ဆိုသည့် ခံယူချက်သည် နိုင်ငံတော်၏ မူဝါဒပင်ဖြစ်ကြောင်း၊ ၎င်းမူဝါဒ၊ ခံယူချက်နှင့်အညီ တပ်မတော်က နိုင်ငံတော်၏တာဝန်ကို စတင်ရယူခဲ့ရချိန်မှစတင်၍ နိုင်ငံတော်အစိုးရ၊

ပြည်သူများနှင့်အတူ အေးအတူပူအမျှ မျှဝေ
ပုံရိပ်များကား ဒေသခံပြည်သူတို့၏ ရင်ထဲဝယ်
အကြီးအကဲ၏ရင်ထဲမှ ပြည်သူများအပေါ်ထားရှိသ
ဒေသနှင့် ပြည်သူတို့အတွက် အစဉ်လွှမ်းခြုံသင်းပျံ့

ပြည်သူ့ဆေးရုံတွင် ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံတွင် လူနာများကို ဤသို့ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

မေတ္တာစေတနာများ (၂)

ကျော်ရဲမင်း

ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်သည့် စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ဤစွမ်းအားစု သုံးရပ်၏ ညီညွတ်သည့် အားမာန်စွမ်းအားဖြင့် မည်သည့် အကျပ်အတည်း၊ အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ကြောင်း၊ ယခုမုန်တိုင်းဒဏ် ကျရောက်ခဲ့ရာ၌လည်း ဤပေါင်းစည်းညီညွတ်သည့်စွမ်းအားဖြင့်ပင် နိုင်ငံတော်ကို ပြန်လည်ထူထောင်နေခြင်းဖြစ်ကြောင်း၊ ရှေ့အဖို့မှာလည်း ဤမူဝါဒခံယူချက်နှင့်ပင် မိမိနိုင်ငံ မိမိ ဆက်လက်တည်ဆောက်သွားမည်ဖြစ်ရာ ရေရှည်တွင်လည်း အောင်မြင်မှုများရရှိမှာ အမှန်ပင်ဖြစ်ကြောင်း'' ဟူသည့် လမ်းညွှန်အမှာစကားသည် များစွာအနှစ်သာရပြည့်ဝပြီး အလွန်ပင် လေးနက် တိကျမှန်ကန်လှပါသည်။ **ကိုယ့်နိုင်ငံနှင့် ကိုယ့်ပြည်သူအကြောင်းကို 'က'ကြီးမှအစ 'အ'အဆုံး ဂဃနဏ သိမြင် နားလည်ထားသည့် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားမှုနှင့် မူဝါဒခံယူချက်များကား အထူးပင် လေးစားကြည်ညိုဖွယ်ကောင်းလှပါ၏။ ကျွန်တော်တို့ ပြည်သူအားလုံး၏ အနာဂတ်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လုပ်ငန်းလမ်းညွှန်ချက်များပင် ဖြစ်ပါ၏။**

မေလ ၂၀ရက်နေ့ မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တပ်မတော်အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ မွန်းလွဲ ၁၂နာရီ ၃၅မိနစ်တွင် ဇေယျာဝတီတိုင်း ပုသိမ်မြို့သို့ ရောက်ရှိကြပါသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ လိုက်ပါလျက် ညနေ ၃နာရီ မိနစ်၅၀တွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ပုသိမ်မြို့မှ လပွတ္တာမြို့သို့ ရောက်ရှိကြပါသည်။ ရောက်ရှိသည်နှင့် ရတနာဒီပ အားကစားကွင်းရှိ ရတနာဒီပကယ်ဆယ်ရေးစခန်းသို့ သွားရောက်စစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ ကယ်ဆယ်ရေးစခန်းအတွင်း ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည့် အထူးဆေးအဖွဲ့မှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆေးခန်းရှိ ဆရာဝန်၊ ဆရာမများနှင့် ထိုင်းနိုင်ငံ ဆေးကုသရေးအဖွဲ့တို့အား နှုတ်ဆက်အားပေးခဲ့သည့်အပြင် လပွတ္တာမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ပြင်ပလူနာဌာနနှင့် အမျိုးသားလူနာဆောင်တို့၌ လေဘေးဒဏ်ကြောင့် တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသည့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပါသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

အားပေးစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖျာပုံမြို့နယ် ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်မှာ....။ (သတင်းစဉ်)

...တူ အေးအတူပူအမျှ မျှဝေခံစားနေသော နိုင်ငံတော်အကြီးအကဲ၏ ...ည်သူတို့၏ ရင်ထဲဝယ် အမြဲစွဲထင် ရှင်သန်နေမည်ဖြစ်သကဲ့သို့ ...ည်သူများအပေါ်ထားရှိသည့် မေတ္တာစေတနာ အလှုပန်းများကလည်း ...က် အစဉ်လွှမ်းခြုံသင်းပျံ့ အလှဆင်လျက်ရှိမည်သာဖြစ်။

လေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်အတွက် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဟူသည့် လုပ်ငန်းစဉ်(၃)ဆင့်ကို ဦးစားပေး အဆင့်အလိုက် စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိ။

ရေကြောင်းသွားလာရေး၊ လယ်ယာမြေ ပြန်လည်ထူထောင်ရေး၊ ရေလုပ်ငန်းများနှင့် ဆားလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး တို့အတွက်လည်း အစစ ကူညီပံ့ပိုးပေးသဖြင့် ဒေသခံပြည်သူများ ရှင်လန်း အားတက် ဝမ်းသာလျက် ရှိကြသည့်နည်းတူ တစ်နိုင်ငံလုံးရှိ ပြည်သူအားလုံးကလည်း ဝမ်းမြောက်နှမော် သာဓုခေါ်လျက်ရှိကြ။

လိုအပ်ချက်ဟူသမျှ မရှိရအောင် အသေးစိတ် ခရေစေ့တွင်းကျ မှာကြားနေသည်မှာ သားသမီးများအား ရင်အုပ်မကွာ ကာကွယ်စောင့်ရှောက်ပျိုးထောင် မြေတောင်မြှောက်ပေးနေသည့် မိဘတစ်ဦးထက်ပင် ပို၍ပြည့်စုံနေပါ၏။

စာမျက်နှာ ၉ မှ

ငှင်းနောက် လပွတ္တာမြို့နယ် ဘုရင့်နောင်ရိပ်သာ၌ လပွတ္တာဒေသ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နေသည့် ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသလိုအပ်ချက်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားပါသည်။

ကွပ်ကဲမှုရုံး ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဘိုကလေးမြို့၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပါသည်။ ဗိုလ်ချုပ်မှူးကြီးက ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး ရည်မှန်းချက်များနှင့်အညီ လုပ်ငန်းစဉ် အဆင့်ဆင့်ကို စီမံချက်များချမှတ်ပြီး စနစ်တကျဖြင့် လျင်မြန်စွာ ဆောင်ရွက်သွားရန်နှင့် ပင်လယ်ပိုင်းဒေသများသို့ လမ်းများဖောက်လုပ်ရေးကို အမြန်ဆုံး ဆောင်ရွက်သွားရန် မှာကြားခဲ့ပါသည်။

အားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘိုကလေးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား ဤသို့ အားပေးစကား ပြောကြားခဲ့သည်။ (သတင်းစဉ်)

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် မော်တော်ယာဉ်များဖြင့် လပွတ္တာမြို့မှ မြောင်းမြမြို့သို့ ခရီးဆက်ခဲ့ကြပါသည်။ ရဟတ်ယာဉ်များဖြင့် ခရီးဆက်ရန် အဆင်မပြေသည့်အတွက် ဗိုလ်ချုပ်မှူးကြီးအနေဖြင့် လေဘေးသင့်ပြည်သူများအားလုံးထံ ရောက်လို၊ တွေ့လိုဇောဖြင့် အပင်ပန်းခံပြီး မော်တော်ယာဉ်များဖြင့် မရောက်ရောက်အောင် သွားရောက်ခဲ့ခြင်းပင် ဖြစ်ပါ၏။ မြောင်းမြမြို့သို့ရောက်ရှိသည်နှင့် လပွတ္တာဒေသမှ လေဘေးသင့်ပြည်သူများအား စောင့်ရှောက်ထားရှိသည့် မြောင်းမြမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းရှိ အမှတ်(၄)ကယ်ဆယ်ရေးစခန်းသို့ ချက်ချင်းသွားရောက်ပြီး လေဘေးသင့်ပြည်သူများအား တရင်းတနှီး တွေ့ဆုံအားပေးစကား ပြောကြားပါသည်။ ထို့နောက် ကယ်ဆယ်ရေးစခန်းရှိ ဆေးကုသခန်းမှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား စုံစုံလင်လင် တွေ့ဆုံနှုတ်ဆက်ပြီး မော်တော်ယာဉ်များဖြင့်ပင် ဆက်လက်ထွက်ခွာခဲ့ရာ ပုသိမ်မြို့သို့ ညပိုင်းကျမှ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ရဟတ်ယာဉ် အဆင်မသင့်သည့်အတွက် ကားဖြင့် ခရီးဆက်ပြီး ယခုကဲ့သို့ အချိန်လင့်နေသည့်တိုင် **ပြည်သူများနှင့်အတူ အေးအတူပူအမျှ မျှဝေခံစားနေသော နိုင်ငံတော်အကြီးအကဲ၏ ပုံရိပ်များကား ဒေသခံပြည်သူတို့၏ ရင်ထဲဝယ် အမြဲစွဲထင် ရှင်သန်နေမည်ဖြစ်သကဲ့သို့ အကြီးအကဲ၏ရင်ထဲမှ ပြည်သူများအပေါ်ထားရှိသည့် မေတ္တာစေတနာ အလှပန်းများကလည်း ဒေသနှင့်ပြည်သူတို့အတွက် အစဉ်လွှမ်းခြုံ သင်းပျံ့ အလှဆင်လျက်ရှိမည်သာဖြစ်ပါသည်။**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မေလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ထွက်ခွာလာရာ နံနက် ၉ နာရီခွဲတွင် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိခဲ့ပါသည်။ ရောက်ရှိပြီးနောက် ဗိုလ်ချုပ်မှူးကြီးအား ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွှန့်က မော်လမြိုင်ကျွန်းဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပါသည်။ ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားပြီးနောက် မော်လမြိုင်ကျွန်းမြို့ အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရင်း မြို့နယ်ပြည်သူ့ဆေးရုံတွင် လေဘေးဒဏ်ကြောင့် ဆေးဝါးကုသမှု ခံယူနေကြရသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးကြပါသည်။

ထိုမှတစ်ဆင့် နံနက် ၁၁နာရီ မိနစ်၂၀တွင် ဖျာပုံခရိုင် ဘိုကလေးမြို့သို့ရောက်ရှိကြရာ ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေးငှင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစဉ်အရ လေဘေးသင့်ပြည်သူများအတွက် တည်ဆောက်ပေးရန် ဆောက်လုပ်ပြသထားသော တန်ဖိုးနည်း အိမ်ရာ နမူနာကို ကြည့်ရှုစစ်ဆေးကြပါသည်။ ဆက်လက်၍ ဘိုကလေးမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး လူနာများအား လိုက်လံကြည့်ရှုအားပေးကြပါသည်။

ငှင်းနောက် ဘိုကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ဆေးပေးခန်းကို ကြည့်ရှုစစ်ဆေးကြပါသည်။ ငှင်းနောက် လေဘေးသင့်ခံရသည့် ဘိုကလေးမြို့၏ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပါသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့မှ ပုသိမ်မြို့သို့ ရောက်ရှိကြပြီးနောက် တပ်မတော်အထူးလေယာဉ်ဖြင့် ပုသိမ်မြို့မှ ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြပါသည်။

နိုင်ငံတော် အကြီးအကဲအနေဖြင့် ခရီးစဉ်အတွင်း လေဘေးသင့်ဒေသများရှိ ပုဂ္ဂလိက အိုးအိမ်များ၊ သာသနိက အဆောက်အအုံများ၊ စာသင်ကျောင်း၊ ဆေးရုံအပါအဝင် အစိုးရရုံးဌာနများ၏ ထိခိုက်ပျက်စီးမှုများကို တိကျမှန်ကန်စွာ စာရင်းဇယား မှတ်တမ်းတင်ထားရှိရန်၊ ငှင်းစာရင်းဇယားများအပေါ် မူတည်ပြီး ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားကြရန် လမ်းညွှန်ခဲ့ပါသည်။ ထို့အပြင် လေဘေးဒုက္ခသည်များအတွက် ဆန်၊ ဆီ၊ ဆား၊ ရိက္ခာကိစ္စ ပူပန်စရာမလိုအောင် ပုံမှန် ထောက်ပံ့ရေးလမ်းကြောင်းများ ထူထောင်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ပါသည်။ **ရေကြောင်းသွားလာရေး၊ လယ်ယာမြေ ပြန်လည်ထူထောင်ရေး၊ ရေလုပ်ငန်းများနှင့် ဆားလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့အတွက်လည်း အစစ ကူညီပံ့ပိုးပေးရန် လမ်းညွှန်မှာကြားသွားသဖြင့် ဒေသခံပြည်သူများ ရွှင်လန်းအားတက် ဝမ်းသာလျက်ရှိကြသည့်နည်းတူ တစ်နိုင်ငံလုံးရှိ ပြည်သူအားလုံးကလည်း ဝမ်းမြောက်နှမော် သာဓုခေါ်လျက်ရှိကြ**ပါ၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ **လေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်အတွက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဟူသည့် လုပ်ငန်းစဉ်(၃)ဆင့်ကို ဦးစားပေးအဆင့်အလိုက် စနစ်တကျဆောင်ရွက်ပေးလျက်ရှိ**ရာ ယနေ့အထိ နိုင်ငံတော်ဘဏ္ဍာငွေကျပ်ဘီလီယံ ၇၀ကျော် သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ ပထမအဆင့်အနေနှင့် ဒုက္ခသည်များအတွက် လတ်တလော လိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေး၊ ဆေးဝါးကုသရေး စသည့် ချက်ချင်း ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ဦးစားပေး စတင်ဆောင်ရွက်ပေးခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီးက ပြည်သူများ မူရင်းဒေသများတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် တစ်မိုးခံ ယာယီတဲများ ဦးစားပေးတည်ဆောက်ပေးရန်၊ ပလတ်စတစ်စများ လုံလုံလောက်လောက် ပံ့ပိုးပေးရန်၊ ရေရှည်အတွက် ပွင့်လင်းရာသီတွင် အခိုင်အမာ အဆောက်အအုံများ ပြန်လည်ထူထောင်နိုင်ရေး အားပေးဆောင်ရွက်ရန်၊ လက်ရှိတည်ရှိနေသည့် တိုက်တာအိမ်ခြေများကိုလည်း သွပ်အမိုးပြားများ လုံလောက်စွာ ပံ့ပိုးပေးရန် စသည်ဖြင့် **လိုအပ်ချက်ဟူသမျှ မရှိရအောင် အသေးစိတ် ခရေစေ့တွင်းကျ မှာကြားနေသည်မှာ သားသမီးများအား ရင်အုပ်မကွာ ကာကွယ်စောင့်ရှောက် ပျိုးထောင် မြေတောင်မြှောက်ပေးနေသည့် မိဘတစ်ဦးထက်ပင် ပို၍ပြည့်စုံနေပါ၏။** ပို၍လည်း ပြည့်စုံနေမည်သာ ဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီးအနေဖြင့် ၅၇သန်းကျော်သော သားသမီးများ၏ အနာဂတ်ဘဝ မပူမပင်မကြောင့်မကြရဘဲ နောင်ရေးစိတ်အေးရအောင် မိဘသဖွယ် အချိန်ပြည့် တွေးတောကြံဆ အားထုတ်စီမံဆောင်ရွက်ပေးနေသည် မဟုတ်ပါလား။ ။

(ဆက်လက်ဖော်ပြပါမည်)

ကိုယ့်နိုင်ငံနှင့် ကိုယ့်ပြည်သူအကြောင်းကို “က” ကြီးမှအစ “အ” အဆုံး ဂဃနဏ သိမြင်နားလည်ထားသည့် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားမှုနှင့် မူဝါဒခံယူချက်များကား အထူးပင် လေးစားကြည်ညိုဖွယ်ကောင်း၊

ပြည်သူအားလုံး၏ အနာဂတ်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လုပ်ငန်းလမ်းညွှန်ချက်များပင်ဖြစ်။

31-5 (10).pmd 1 5/31/2008, 3:00 AM

ယူရို ၂၀၀၈ ပြိုင်ပွဲ အုပ်စု(ခ) အသင်းများ၏ အနေအထား

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ　　စာမျက်နှာပွဲ့ စည်းမှူ - ထိန်လင်း

ဘန်း မေ ၃၀

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲမှာ အုပ်စုကျပ်တာကတော့ အုပ်စု(ခ)ပဲဖြစ်ပြီး ဩစတြီးယား၊ ခရိုအေးရှား၊ ဂျာမနီနဲ့ ပိုလန်အသင်းတွေ ပါဝင်နေပါတယ်။

အိမ်ရှင် ဩစတြီးယားဟာ အုပ်စု(ခ)မှာ ပါဝင်တဲ့ ပြိုင်ဘက်အသင်းတွေကို အနိုင်ရဖို့ဆိုတာ အတော်လေး ကြိုးစားကစားရပါလိမ့်မယ်။ ဒီအုပ်စု(ခ)ရဲ့ ပြိုင်ပွဲဝင်အသင်းတွေကို လေ့လာကြည့်လိုက်တဲ့အခါ ခြေစွမ်းအရ ကွာဟမှုသိပ်မရှိတာမို့ အကြိတ်အနယ်ရှိမယ့်အုပ်စုပဲ ဖြစ်ပါတယ်။

ဩစတြီးယားအသင်း

ယူရို ၂၀၀၈ရဲ့ ပူးတွဲအိမ်ရှင်ဖြစ်တာမို့ ခြေစစ်ပွဲမဝင်ဘဲ တိုက်ရိုက်ခြေစစ်ပွဲအောင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ယူရိုဘောလုံးပြိုင်ပွဲသမိုင်းမှာတော့ အခုလို ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲကို အုပ်စုအဆင့်မှာ ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ရတာဟာ ဩစတြီးယားသမိုင်းမှာတော့ ပထမဆုံးအကြိမ်ပါပဲ။

အိမ်ရှင်ဖြစ်လို့ ခြေစစ်ပွဲမဝင်ခဲ့ရတဲ့အပြင် တကယ်တမ်း ခြေစွမ်းပြနိုင်တဲ့ ဘောလုံးသမားတွေကို လူမှန်နေရာမှန် ထုတ်မသုံးခဲ့လို့ ဩစတြီးယားအသင်းဟာ ခြေစမ်းပွဲလေးပွဲကစားခဲ့တာဟာ တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ ဩစတြီးယားအသင်းနည်းပြ ဂျိုးဆက်ဖ်ဟစ်ကာစဘာဂါဟာ အခုအချိန်အထိ အသားကျနေတဲ့ ဘောလုံးအသင်း တစ်သင်းအဖြစ်လည်း ဩစတြီးယားကို ပုံစံမသွင်းနိုင်သေးဘူး ဖြစ်နေပါတယ်။ ဩစတြီးယားအသင်းမှာ တိုက်စစ်မှူး မာတင်ဟာနစ်က အားကိုးရတဲ့သူဖြစ်တာမို့ တစ်ဖက်အသင်း နောက်တန်းကို ထိုးဖောက် ဂိုးသွင်းနိုင်သူတစ်ဦး ဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအရကတော့ ဩစတြီးယားအသင်း အုပ်စုကတက်ဖို့ သိပ်တော့မလွယ်ပါဘူး။

ခရိုအေးရှားအသင်း

အုပ်စု(ခ)မှာ နောက်တစ်ဆင့်တက်မယ်လို့ ရေပန်းစားနေတဲ့ အသင်းကတော့ ခရိုအေးရှားပါပဲ။ ခရိုအေးရှားအသင်းဟာ ၁၉၉၆ ယူရိုပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ပြီး ယူရို ၂၀၀၄မှာတော့ အုပ်စုပွဲစဉ်ကပဲ ထွက်ခဲ့ရတာပါ။ ခရိုအေးရှားအသင်းကို နည်းပြဘီလစ်တာဝန်ယူထားတာမို့ ကစားဟန်၊ ကစားကွက်တွေဟာ ပြောင်းလဲဆန်းသစ်နေပါတယ်။

ခရိုအေးရှားအသင်းမှာ အဓိက အားကိုးအားထားပြုရမယ့် ကစားသမားတွေကတော့ ဒါဆေးလ်ဗား၊ ဆီမစ်၊ ကော်လူကာ၊ မိုဒရစ်နဲ့ကိုဗက်တို့ပဲ ဖြစ်ပါတယ်။ ခရိုအေးရှားအသင်းရဲ့ အဓိကတိုက်စစ်မှူး ဒါဆေးလ်ဗားကတော့ ယူရိုခြေစစ်ပွဲမှာ တစ်ဦးတည်း ၁၀ ဂိုးအထိသွင်းယူထားတဲ့ တိုက်စစ်မှူးကောင်းတစ်ဦး ဖြစ်ပါတယ်။

ခရိုအေးရှားအသင်း ဂိုးသမား ပလက်တီကိုဆာမှာ စပါးတပ်မော်စကိုအသင်းဂိုးသမားဖြစ်ပြီး ဝါရင့်သမ္မာရင့် ဂိုးသမားလည်း ဖြစ်ပါတယ်။ နောက်တန်း ခံစစ်မှူးများဖြစ်တဲ့ ကော်လူကာ၊ ရောဘတ်ကိုဗက်၊ ဆီမြူနစ်နဲ့ ဆီမစ်တို့ကလည်း အတွဲညီကြပြီး နားလည်မှုလည်း ရှိကြသူတွေပါပဲ။ ကွင်းလယ်မှာ ဆာနာ၊ နီကို ကိုဗက်၊ မိုဒရစ်နဲ့ ခရန်ကာတို့က ခံစစ်ကို ကူနိုင်သလို တိုက်စစ်မှာလည်း ဂိုးရအောင် သွင်းယူနိုင်ကြသူတွေဖြစ်ပါတယ်။ တိုက်စစ်မှူးတွေဖြစ်တဲ့ ကလာစနစ်နဲ့ ဘူဒန်တို့က ဂိုးသွင်း သေချာသူတွေမို့ ခရိုအေးရှားအသင်းဟာ တစ်ဦးချင်း အားသာချက်ရှိတဲ့ အသင်းဖြစ်တာမို့ အုပ်စုအဆင့်က နေပြီး နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးရှိနေတဲ့ အသင်း ဖြစ်ပါတယ်။

ခရိုအေးရှား အသင်း

ယူရို ၂၀၀၈မှာ ခရိုအေးရှားအသင်း အောင်မြင်မှုတွေ ရနိုင်ပါ့မလား။

ဂျာမနီအသင်း

မကြာခင်မှာ ကျင်းပတော့မယ့် ယူရို၂၀၀၈ဘောလုံးပြိုင်ပွဲမှာ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့ အသင်းကတော့ ဂျာမနီပဲဖြစ်ပါတယ်။ လက်ရှိ ယူရို ၂၀၀၈ပြိုင်ပွဲဝင် ၁၆သင်းထဲမှာတော့ ယူရိုသမိုင်းမှတ်တမ်း အကောင်းဆုံး အသင်းလည်း ဖြစ်တဲ့အပြင် လက်ရှိ ခြေစွမ်းအရလည်း အထက်မြက်ဆုံးအနေအထား ဖြစ်နေပါတယ်။

ဂျာမနီအသင်းရဲ့ ယူရိုဘောလုံးသမိုင်းကို ပြန်ကြည့်ရင် ၁၉၇၂မှာ ချန်ပီယံ၊ ၁၉၇၆ခုနှစ်မှာ ဒုတိယ၊ ၁၉၈၀ ပြည့်နှစ်မှာ ချန်ပီယံ၊ ၁၉၈၈ခုနှစ်မှာ အကြိုဗိုလ်လုပွဲ၊ ၁၉၉၂ခုနှစ်မှာ ဒုတိယ၊ ၁၉၉၆ခုနှစ်မှာ ချန်ပီယံတွေ ဖြစ်ခဲ့လို့ ချန်ပီယံသုံးကြိမ်နဲ့ ဒုတိယနှစ်ကြိမ်ရရှိခဲ့တဲ့ အသင်းဖြစ်ပါတယ်။

ဂျာမနီအသင်းနည်းပြ ဂျိုအာချင်လိုကတော့ သူ့အသင်းကို ၄း၄း၂ အခင်းအကျင်းနဲ့ အဓိကထားပြီး လေ့ကျင့်ကစားနေတာမို့ ပထမပွဲထွက် ကစားသမားတွေအဖြစ် ဂိုးသမားနေရာမှာ ယန်လေမန်းက တာဝန်ယူ စေမှာဖြစ်ပါတယ်။ နောက်တန်းမှာ ယန်ဆန်၊ မက်ဇယ်လ်ဒါ၊ မာတီဆက်တာနဲ့ ဖီလစ်လမ်းတို့ ပါဝင် ကစားကြမှာဖြစ်လို့ ကျစ်လျစ် တောင့်တင်းပါတယ်။ ကွင်းလယ်မှာတော့ ဘိုရောစကီး၊ ဖရင်းစ်၊ မိုက်ကယ်ဘောလက်နဲ့ စတိုင်ဂါ တို့ကို ဦးစားပေးပွဲထုတ်မှာမို့ ကွင်းလယ်ကစား အားကလည်း အင်အားအပြည့်ပါပဲ။ တိုက်စစ်မှာလည်း နာမည်ကြီး ကလိုဆေးနဲ့ ပိုဒေါစကီးတို့ ကစားမှာမို့ ဂျာမနီအသင်းဟာ ရှေ့၊ လယ်၊ နောက် အတောင့်တင်းဆုံး အသင်း ဖြစ်နေပါတယ်။ ဒါကြောင့်မို့ ယူရို ၂၀၀၈ခြေစစ်ပွဲမှာ ဂျာမနီအသင်း ၃၅ဂိုး သွင်းယူ နိုင်ခဲ့တာကြောင့် ပြိုင်ပွဲဝင်အသင်းတွေထဲမှာ ဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ အသင်းလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ခြေစစ်ပွဲတွေမှာ ပေးဂိုး ခုနစ်ဂိုးသာရှိခဲ့လို့ ဂျာမနီရဲ့ ခံစစ်ကြောင်းက သိပ်သည်းလွန်းတာကို ပြနေတာမို့ ဂျာမနီ အသင်းဗိုလ်စွဲဖို့ နာမည်ကြီးနေတာပဲ ဖြစ်ပါတယ်။ တကယ်တမ်းမှာလည်း ဂျာမနီအသင်းရဲ့ ခြေစွမ်းဟာ ထက်မြက်တာမို့ ပြိုင်ဘက်တွေကို အနိုင်ယူပြီး ဗိုလ်လုပွဲ အရောက်တက်လှမ်းနိုင်တဲ့ ခြေစွမ်းမျိုး ပိုင်ဆိုင်ထားပါတယ်။ ဂျာမနီအသင်းဟာ အကြိုခြေစမ်းပွဲအဖြစ် ကစားတဲ့အခါ ဩစတြီးယားကို သုံးဂိုးပြတ်၊ ဆွစ်ဇာလန်ကို လေးဂိုးပြတ်နဲ့ အနိုင်ယူထားတာမို့ ဂျာမနီအသင်းအုပ်စုက တစ်ဆင့်တက်ပြီး ဗိုလ်လုပွဲအထိ အရောက်ချီတက်နိုင်မယ့်အသင်းလို့ ယူဆပါတယ်။

ပိုလန်အသင်း

အုပ်စု(ခ)မှာ ဂျာမနီ၊ ခရိုအေးရှားတို့နဲ့အပြိုင် အုပ်စုပွဲက နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့ ကြိုးစားရမယ့် အသင်းကတော့ပိုလန်အသင်းပါပဲ။ ဒတ်ချ်လူမျိုးလီယိုဘင်ဟက်ကာ နည်းပြအဖြစ် တာဝန်ယူထားတဲ့ ပိုလန်အသင်းဟာ ယူရို ၂၀၀၈ ခြေစစ်ပွဲမှာ ပေါ်တူဂီနဲ့ ဘယ်လ်ဂျီယံ အသင်းတွေကို အနိုင်ကစားပြီး အုပ်စုပထမအဖြစ်နဲ့ ခြေစစ်ပွဲ အောင်လာတဲ့အသင်း ဖြစ်ပါတယ်။

ပိုလန်အသင်းဟာ လူငယ်လူသစ်တွေကို ပွဲထုတ်ထားပြီး ဥရောပကလပ်အသင်းကြီးတွေမှာကစားနေတဲ့ နာမည်ကြီး ကစားသမားတွေ တစ်ဦးမှ မပါပါဘူး။ ပြည်တွင်းက ဘောလုံးသမားတွေဆိုပေမယ့် ပိုလန် ဂိုးသမားတွေက နာမည်ကြီးသူတွေဖြစ်တဲ့ မန်ယူရဲ့ အရန်ဂိုးသမားကူးစ်ဇက်၊ အာဆင်နယ်ဂိုးသမား ဖာဘီယန်းစကီး၊ ဆဲလ်တစ်ဂိုးသမား အာတာဘိုရုဇ်နဲ့ ရီးရဲမက်ဒရစ် ဂိုးသမား ဒူဒက်တို့ဖြစ်တာမို့ ပိုလန်ဂိုးပေါက်ကို ကာကွယ်ဖို့ ပူပင်စရာတော့ မလိုပါဘူး။

ပိုလန်အသင်းရဲ့ အဓိကအားကိုးစရာ ကစားသမားတွေကတော့ အလယ်တန်းကစားသမား ခရိုက်နိုဝက်နဲ့ တိုက်စစ်နေရာမှာပါကစားပြီး ဂိုးသွင်းနိုင်တဲ့ အက်ဘီစမိုလာရက်တို့ပဲ ဖြစ်ပါတယ်။ အက်ဘီစမိုလာရက်ဟာ အခုအချိန်အထိ ယူရို ၂၀၀၈ ခြေစစ်ပွဲတစ်လျှောက်မှာ ကိုးဂိုးသွင်းထားနိုင်သူဖြစ်ပါတယ်။ ဒီလိုပါပဲ ပိုလန်နည်းပြ လီယိုဘင်ဟက်ကာဟာ နယ်သာလန်၊ ရီးရဲမက်ဒရစ်၊ ဆော်ဒီနဲ့ ထရီနီဒက်နှင့်တိုဘာဂိုမှာ နည်းပြတာဝန်ယူခဲ့တဲ့ အတွေ့အကြုံတွေရှိတာမို့ ပိုလန်အသင်းကလည်း လျှော့တွက်လို့မရတဲ့ အသင်းဖြစ်ပါကြောင်း။ ။

ဩစတြီးယား အသင်း

အုပ်စုအဆင့်က တက် လှမ်း နိုင်ဖို့ ကြိုးစားရမည့် အိမ်ရှင် ဩစတြီးယား အသင်း။

အိမ်ရှင် ဩစတြီးယားဟာ အုပ်စု(ခ)မှာ ပါဝင်တဲ့ ပြိုင်ဘက်အသင်းတွေကိုအနိုင်ရဖို့ဆိုတာ အတော်လေးကြိုးစား ကစားရပါလိမ့်မယ်။ ဒီအုပ်စု(ခ)ရဲ့ ပြိုင်ပွဲဝင်အသင်းတွေကို လေ့လာကြည့်လိုက်တဲ့အခါ ခြေစွမ်းအရ ကွာဟမှုသိပ်မရှိတာမို့ အကြိတ်အနယ်ရှိမယ့် အုပ်စုပဲ ဖြစ်ပါတယ်။

ယူရို၂၀၀၈ အကြိုခြေစမ်းပွဲ ချက်အသင်းက လစ်သူရေးနီးယားကို နှစ်ဂိုးပြတ်အနိုင်ရ

ရာကွီ မေ ၃၀

ချက်အသင်းသည် ယူရို ၂၀၀၈ အကြိုခြေစမ်းပွဲအဖြစ် လစ်သူရေးနီးယားအသင်းနှင့် မေ ၂၈ရက်က ကစားခဲ့ရာ နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ချက်အသင်းအတွက် နှစ်ဂိုးစလုံးကို တိုက်စစ်မှူး ဂျန်ခိုလာ တစ်ဦးတည်း သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ အဖွင့်ဂိုးကို ပွဲချိန်၃၉မိနစ်၌ ချက်နောက်ခံလူ ဂရီဂီရာ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ဂျန်ခိုလာက အနီးကပ် ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။

ချက်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန်၆၂မိနစ်၌ ဂျန်ခိုလာကပင် ၁၂ကိုက်အကွာမှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ချက်တိုက်စစ်မှူး ဂျန်ခိုလာသည် ယူရို ၂၀၀၈ပွဲ၌ ပါဝင်ကစားပြီးပါက ချက်လက်ရွေးစင်အသင်းမှ အနားယူမည်ဟု ပြောကြားထားသည်။ **(အင်တာနက်)**

ဂရိအသင်းခေါင်းဆောင် ဘာစီနက် ဒဏ်ရာရ

ဘန်း မေ ၃၀

ယူရို ၂၀၀၈ ပြိုင်ပွဲဝင် ဂရိအသင်းခေါင်းဆောင် အင်ဂီလို့စ်ဘာစီနက် **(အောက်ပုံ)**သည် ဟန်ဂေရီအသင်းနှင့် ခြေစမ်းပွဲ၌ ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့ကြောင်း ဂရိအသင်းနည်းပြ အောတိုရီဟာဂယ်က မေ၃၀ရက်၌ ပြောကြားသည်။

အင်ဂီလို့စ်ဘာစီနက်သည် ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့သော်လည်း အသင်းခေါင်းဆောင် တာဝန်ကို ဆက်လက်တာဝန်ပေးမည်ဖြစ်ပြီး ပြိုင်ပွဲ၌ ပါဝင်ကစားစေမည်ဖြစ်ကြောင်း အောတိုရီဟာဂယ်က ပြောကြားသည်။

ဂရိအသင်းသည် ဇွန်၁၀ရက်၌ ဆွီဒင်အသင်းနှင့် အုပ်စုပွဲစဉ်အဖြစ် ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

ရိုမေးနီးယား လူစာရင်း၌ တိုက်စစ်မှူးဘရာတူ မပါဝင်

ဘန်း မေ ၃၀

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲဝင် ရိုမေးနီးယားအသင်း လူစာရင်းကို ထုတ်ပြန်လိုက်ရာ ဘူခါရက် တိုက်စစ်မှူး ဖလောရင့်ဘရာတူ **(အောက်ပုံ)** ပါဝင်ခြင်း မရှိသဖြင့် ဘရာတူ မကျေမနပ် ဖြစ်လျက်ရှိသည်။

ဒူးဒဏ်ရာ

ရိုမေးနီးယားနည်းပြ ဗစ်တာပီတူရာကာက ဖလောရင့်ဘရာတူကို ချန်လှပ်ခဲ့ရခြင်းမှာ ဘရာတူ၏ ဒူးဒဏ်ရာ အပြည့်အဝ ပြန်လည်ကောင်းမွန်ခြင်းမရှိသေးသောကြောင့် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မပါဝင်

ထို့အတူ ဒဏ်ရာရရှိနေကြသော ဂိုးသမား ဒါနပ်ကိုမန်နှင့် ကွင်းလယ်ကစားသမား အိုဗီဒီယူပီထရီတို့လည်း ပါဝင်ခြင်းမရှိကြောင်း သိရသည်။ **(အင်တာနက်)**



အိုဘားမား၏ ကျူးဘားဆိုင်ရာမူဝါဒ ဟီလာရီနှင့် မက်ကိန်းတို့ သဘောထားကွဲပြား

ဝါရှင်တန် မေ ၃၀

အမေရိကန်နိုင်ငံအနေဖြင့် မိတ်ဆွေများနှင့်သာမကဘဲ ရန်သူများနှင့်ပါ တိုက်ရိုက်ဆွေးနွေး အဖြေရှာသင့်ကြောင်း ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းဖြစ်ရေး ကြိုးပမ်းနေသည့် အိုဘားမား (ယာပုံ)က ပြောကြားလိုက်သည်။

နိုဝင်ဘာလ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် သူအရွေးခံရလျှင် မိသားစုဝင်များအနေဖြင့် ကျူးဘားသို့ သွားရောက်လည်ပတ်ရေးနှင့် ငွေပို့ခြင်းတို့ကို သမ္မတဂျော့ဒဗလျူဘုရှ်၏ ကန့်သတ်ချုပ်ချယ်ထားမှုအားလုံးကို ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း၊ သို့သော်ကုန်သွယ်ရေးပိတ်ပင်မှုကိုမူ ယခုအတိုင်း ဆက်လက်ကျင့်သုံးမည်ဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။



အမေရိကန်ရောက် ကျူးဘားလူမျိုးများအား ကျူးဘားရှိ ဆွေမျိုးများထံ လွတ်လပ်စွာ သွားရောက်လည်ခွင့်ပြုရန် အိုဘားမား၏ ကမ်းလှမ်းချက်ကို ကျူးဘားအစိုးရ မလိုလားသူများက ချီးမွမ်းကြသည်။ **(အင်တာနက်)**

ပြောင်းလဲခြင်း

အိုဘားမားနှင့်ပြိုင်ဘက် ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်နှင့် ရီပတ်ဘလီကင်မှ ဂျွန်မက်ကိန်းတို့နှစ်ဦးကမူ အမေရိကန်အနေဖြင့် တစ်စုံတစ်ရာမူဝါဒ ပြောင်းလဲခြင်းဖြင့် ကျူးဘားကွန်မြူနစ်ခေါင်းဆောင်များသာလျှင် အကျိုးရှိမည်ဖြစ်ကြောင်း ခံယူကြသည်။

ထောက်ခံကြိုဆို

ကျူးဘားသမ္မတသစ် ရာေလ်ကက်စထရိုနှင့် တိုက်ရိုက်ဆွေးနွေးရေး အိုဘားမား၏ သဘောထားကို ကျူးဘားအစိုးရဆန့်ကျင်ဘက်အုပ်စု ဖြစ်သည့် ဝီးမင်းအင်ပိုက်အဖွဲ့က ထောက်ခံကြိုဆိုသည်။

အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်သည့် နုတ်ဘုတ်

ဝါရှင်တန် မေ ၃၀

နောက်ဆုံးပေါ် အိုင်တီနည်းပညာများ ထည့်သွင်း အသုံးပြုထားသည့် အချက် အလက်များ၊ ကိန်းဂဏန်းများနှင့် ရုပ်သံအစီအစဉ်များကိုပါ ဖမ်းယူ ကြည့်ရှုနိုင်သော နုတ်ဘုတ်အသစ်တစ်မျိုးကို ဒဲလ်ကုမ္ပဏီက ဧပြီတွင် ထုတ်လုပ်လိုက်သည်။(အပေါ်ပုံ)

ရည်ရွယ်ထုတ်လုပ်

အဆိုပါ နုတ်ဘုတ်များကို ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ငွေကြေးအနည်းငယ်သာ သုံးစွဲနိုင်သော နိုင်ငံတကာမှ ဝယ်ယူသူများအတွက် ရည်ရွယ်ထုတ်လုပ်ထားခြင်း ဖြစ်သည်။ ယခု ထုတ်လုပ်လိုက်သည့် နုတ်ဘုတ်များသည် သတင်းအချက် အလက်များကို စက္ကန့်ပိုင်းအတွင်း ဖမ်းယူ ကြည့်ရှုနိုင်ပြီး အချက်အလက် သန်းပေါင်းများစွာ သိမ်းဆည်းထားနိုင်သည်။

ဖြန့်ချိ

ယခင် ထုတ်လုပ်ခဲ့သော နုတ်ဘုတ်များထက် ဝန်ဆောင်မှု များစွာပေးနိုင်သည့် နုတ်ဘုတ်ကို ယခု နှစ်ကုန်ပိုင်း၌ ကမ္ဘာ့ဈေးကွက်သို့ ဖြန့်ချိသွားမည် ဖြစ်သည်။

စီစဉ်

အဆိုပါ နုတ်ဘုတ်အသစ်များကို ဈေးကွက်၌ တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀ဖြင့် ရောင်းချရန် စီစဉ်လျက်ရှိသည်။

ပြောကြား

အဆိုပါ နုတ်ဘုတ်သည် တဖြည်းဖြည်း များပြားလာသော အင်တာနက် သုံးစွဲသူများအတွက် မရှိမဖြစ်လိုအပ်လာမည့် နုတ်ဘုတ်လည်းဖြစ်ကြောင်း ထုတ်လုပ်သူများက ပြောကြားသည်။(အင်တာနက်)

ဆက်သွယ်ရေးနည်းပညာသစ်

အီရန်က အိုင်အေအီးအေနှင့် ဆက်လက်ပူးပေါင်းမည်

တီဟီရန် မေ ၃၀

တီဟီရန်အနေဖြင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)နှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မိုတာကီက မေ၂၈ရက်၌ ပြောကြားသည်။ အီရန်နိုင်ငံသည် အိုင်အေအီးအေ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် နျူကလီးယား မပြန့်ပွားရေးနှင့်ပတ်သက်၍လက်မှတ်ရေးထိုးသကဲ့သို့ ကတိကဝတ်ပေးမည်ဖြစ်ကြောင်း၊ နျူကလီးယား ကိစ္စရပ်များနှင့် ပတ်သက်၍လည်း အိုင်အေအီးအေနှင့် ပူးတွဲလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

ထပ်မံဖော်ပြ

အီရန်နိုင်ငံအနေဖြင့်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး ယခုထက်ပိုမိုဖော်ပြရန်လိုအပ်ကြောင်း၊ အိုင်အေအီးအေ၏ မကြာမီက ထုတ်ပြန်ခဲ့သော အစီရင်ခံစာအပေါ် မိမိတို့အနေဖြင့် ယခုထက် ထပ်မံဖော်ပြရမည့် အချက်များ မရှိတော့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာမိုတာကီက ပြောကြားသည်။

အသုံးပြု

အီရန်သည် အခြားနိုင်ငံများကဲ့သို့ပင် နျူကလီးယားကို ငြိမ်းချမ်းစွာ အသုံးပြုသွားမည်ဟု ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

ဥရောပရှိ ကလေးငယ် ၂၂သန်းခန့် အဝလွန်မှုဖြစ်နေ

ဘရပ်ဆဲလ် မေ ၃၀

ဥရောပနိုင်ငံများရှိ ကလေးငယ် ၂၂သန်းခန့်သည် အဝလွန်မှု ဖြစ်ပွားလျက်ရှိရာ လာမည့်၂၀၁၀ ပြည့်နှစ်၌ အဝလွန်သည့် ကလေးငယ် ၁ဒသမ ၃သန်းခန့် ထပ်မံတိုးမြင့်လာမည်ဖြစ်ကြောင်း သဘာဝ ပတ်ဝန်းကျင် ပြည်သူ့ကျန်းမာရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေးဆိုင်ရာ ကော်မတီက မေ ၂၉ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ကာကွယ်တားဆီး

ကလေးငယ်များ အဝလွန်မှုကို ကာကွယ်ရန် အစားအစာများဆင်ခြင်စားသောက်ရေး၊ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော အစားအစာများ ရှောင်ကြဉ်ရေးတို့ကို လိုက်နာခြင်းဖြင့် ကလေးငယ်များ အဝလွန်မှုကို ကာကွယ်တားဆီးနိုင်မည် ဖြစ်သည်ဟု အဆိုပါ အစီရင်ခံစာ၌ ဖော်ပြသည်။

ဆက်လက်ဖော်ပြ

အဝလွန်မှုသည် ဥရောပ၌ ကျန်းမာရေးကို ခြိမ်းခြောက်နေသော ပြဿနာတစ်ခု ဖြစ်လာကြောင်း၊ အဝလွန်မှုကြောင့် နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် အချို့သောကင်ဆာရောဂါတို့ ဖြစ်ပွားရန် အခွင့်အလမ်းများကြောင်းလည်း အစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာရှ၏ အကြီးဆုံးစိန်ကြီး ဒေါ်လာ ၆ဒသမ၂သန်းဖြင့် ရောင်းချ

ဟောင်ကောင် မေ ၃၀

အာရှတိုက်ရှိ အရောင်မဲ့စိန်များတွင် အကြီးဆုံးဖြစ်သည့် ၁၀၁ဒသမ၂၇ကရက်ရှိ စိန်ပွင့်ကြီး**(ယာပုံ)**ကို ဟောင်ကောင်မြို့တွင် မေ၂၇ရက်က အမေရိကန်ဒေါ်လာ ၆ဒသမ၂သန်းဖြင့် လေလံတင်ရောင်းချလိုက်ပြီဖြစ်သည်။

ယခုရောင်းချလိုက်သည့် စိန်ပွင့်ကြီးမှာ အာရှတိုက်တွင် ၁၈နှစ်အတွင်း ကရက်၁၀၀အထက် ပေါ်ထွက်လာသည့် အရောင်မဲ့ စိန်သုံးပွင့်တွင် အကြီးဆုံးဖြစ်သည်။

ဒိုင်းပုံသဏ္ဍာန် ပုံဖော်ထားသည့် ယင်းစိန်ပွင့်ကြီးကို ကရက် ၄၆၀ရှိ ကျောက်ရိုင်းတုံးမှ သွေးယူထားကြောင်း၊ သရဖူပေါ်တွင် အလှတပ်ဆင်ကာ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း အင်တာနက်သတင်းတွင်ပါရှိသည်။**(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

အသွင်ပြောင်းကာ ရှောင်တိမ်းပါသော်လည်း

ဆူဇန်လီဖီဗရီ **(အောက်ယာပုံ)** သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အနောက်တောင်ပိုင်းတွင် တည်ရှိပြီး လူဦးရေ တစ်သိန်းကျော်သာ နေထိုင်သော အေးချမ်းဆိတ်ငြိမ်လှသည့် ဆန်းတီးမြို့လေးတွင် နေထိုင်သည်။

ဘဝသစ်ထူထောင်

ဆူဇန်လီဖီဗရီသည် ထိုမြို့ကလေးတွင် သူမအား အတိတ်မှ အရိပ်မည်းကြီး မလွှမ်းမိုးနိုင်စေရန်အတွက် စိတ်သစ်လူသစ် ဘဝသစ်ဖြင့် မာရီဟု အမည်ပြောင်းကာ နေထိုင်ခဲ့သည်။ သူမသည် ထိုမြို့လေးသို့ ၁၉၇၆ခုနှစ်က ရောက်ရှိခဲ့ပြီး ထိုစဉ်က အသက် ၂၁နှစ်အရွယ်ရှိ သူမသည် အမျိုးသမီးသူငယ်ချင်းတစ်ဦး၏ အကူအညီဖြင့် အလုပ်လုပ်ကိုင်ကာ ဇာတ်မြုပ်နေထိုင်ခဲ့သည်။ ဗီယက်နမ်စစ်ပွဲ၌ သေဆုံးခဲ့သော သူမ၏ချစ်သူဂျွန်လင်နွန်အားလွမ်းဆွတ်တမ်းတနေမှုကို တစ်ခန်းရပ်လျက် ကိုးနှစ်အကြာဖြစ်သည့် ၁၉၈၅ခုနှစ်စပိုင်းတွင် ထိုမြို့မှ သူမထက်အသက် ကိုးနှစ်ခန့်ကြီးသည့် အလန်ဝေါ့ချ်ဆိုသူနှင့် ဘဝသစ်ကို ထူထောင်ခဲ့သည်။ ယခုအခါ သားသမီးသုံးဦး ရရှိခဲ့ပြီး သူမသည် အသက်၅၃နှစ်အရွယ် ရှိနေကာ အလန်ဝေါ့ချ်မှာ ၆၂နှစ်ရှိနေ ပေပြီ။

ရင်ဆိုင်ရန်စောင့်နေ

မာရီဝေါ့ချ်အနေဖြင့် သူမ၏ အတိတ်မှ အရိပ်မည်းကို မေ့ပျောက်ကာ ဘဝသစ်ကို ထူထောင်ခဲ့သည်မှာ ၃၂နှစ်ရှိပြီး အိမ်ထောင်သက် ၂၃နှစ်ရှိပြီဖြစ်သဖြင့် အတိတ်၏အရိပ်မည်းကို မေ့ပျောက်သလို ဖြစ်နေခဲ့သည်။ အိမ်ထောင်ရေး ပြိုကွဲမည်စိုးသဖြင့် ထိုအရိပ်မည်းအကြောင်းကို ခင်ပွန်းသည် အလန်ဝေါ့ချ်အား ၂၃ နှစ်လုံးလုံး လျှို့ဝှက်ထားခဲ့သည်။ သို့သော်လည်း သူမ မေ့ဖျောက်လျှို့ဝှက်ထားသော အရိပ်မည်းအား ၂၀၀၈ခုနှစ် ဧပြီ ၂၄ ရက်တွင် ဥပဒေက ဖော်ထုတ်လိုက်သောအခါ ဘဝသစ်အိပ်မက်မှ သူမ လန့်နိုးခဲ့ရပြီး လျှို့ဝှက်ချက်ကို ခင်ပွန်းသည် သိသွားတော့သည်။ ယခုအခါ သူမသည် ကယ်လီဖိုးနီးယားပြည်နယ် ထောင်တွင်းမှ သူမလွတ်မြောက်ခဲ့ရာ မစ်ချီဂန်ပြည်နယ်သို့ လွှဲပြောင်းအမှုရင်ဆိုင်ရန် စောင့်နေလျက်ရှိသည်။

ဘဝသစ်တွင် အိပ်မက်မက်နေသူ မာရီဝေါ့ချ်သည် အတိတ်မှပုံရိပ်များကို တဖြည်းဖြည်း မြင်ယောင်လာမိတော့သည်။ ထိုစဉ်က သူမ၏အမည်ရင်းမှာ ဆူဇန်လီဖီဗရီဖြစ်ပြီး အသက် ၁၉နှစ်သာ ရှိသေးသည်။၁၉၇၄ခုနှစ်၌ သူမ၏ ဆယ်ကျော်သက် ချစ်သူ

ဂျွန်လင်နွန်သည် ဗီယက်နမ်စစ်ပွဲတွင် ကျဆုံးသွားသဖြင့်ဆယ်ကျော်သက်ပီပီ ပဋ္ဌာမြေလူးအရူးမီးဝိုင်းခံစားခဲ့ရသည်။ ထိုနှစ်၌ပင် ကက်သလစ်ကျောင်းမှ ဘွဲ့ရခဲ့သူ သူမသည် ချစ်သူသေဆုံးခဲ့သဖြင့် မျှော်လင့်ချက် ကုန်ဆုံးခဲ့ရပြီး ဘဝမှာ အဓိပ္ပာယ်မဲ့နေသည်ဟု ခံစားရသည်။ ထို့ကြောင့်ပင် သူမသည် စိတ်လေကာ မူးယစ်ဆေးဝါးသုံးစွဲရောင်းဝယ်မှုတွင် ပါဝင်ပတ်သက်ခဲ့မှုကြောင့် တရားရုံး၌ အမှုရင်ဆိုင်ခဲ့ရသည်။ သူမ၏ မိဘများက သူမ စိတ်ခံစားရမှု လျော့ပါးသွားစေရန် ဂျွန်လင်နွန်၏ ဓာတ်ပုံအယ်လ်ဘမ်ကို သိမ်းဆည်းထားခဲ့သကဲ့သို့ အမှုတွင် သက်ညှာခွင့်ရရန် အယူခံဝင်စေခဲ့သည်။ သို့သော်လည်း သူမသည် ထောင်ဒဏ် အနှစ်၂၀ ကျခံခဲ့ရသည်။

ထွက်ပြေးတိမ်းရှောင်

သူမသည် မိသားစုတွင် ဒုတိယသမီးဖြစ်ပြီး သူမ၏ အထက်တွင် အစ်ကိုဖြစ်သူ ဒေးဗစ်လီဖီဗရီရှိသည်။ သူမတို့မိသားစုသည် မစ်ချီဂန်ပြည်နယ် သိုမက်စ်မြို့နယ် ဆာဂီနော်မြို့တွင် နေထိုင်သည်။ သူမသည် ယခင်က ဒက်ထရွိုက်ထောင်ဟုခေါ်တွင်ပြီး ယခုအခါ ဘတ်စကော့ထောင်ဟု ခေါ်တွင်သည့်ထောင်တွင် ထောင်ဒဏ်ကျခံခဲ့ရသည်။ တစ်ညတွင် ထောင်မှထွက်ပြေးရန် သူမဆုံးဖြတ်ခဲ့သည်။

နာမည်သစ်ဖြင့်နေထိုင်

၁၉၇၆ခုနှစ် ဖေဖော်ဝါရီလ၌ ထောင်တွင်းရှိ မြေကွက်လပ်တွင် လမ်းလျှောက်စဉ် ထောင်ခြံစည်းရိုးပေါ်ရှိ သွပ်ဆူးကြိုးအပေါ်သို့ သူမ၏ အနွေးထည်အင်္ကျီကို ပစ်တင်ကာ ယင်းအင်္ကျီ၏ အကူအညီဖြင့် ထောင်မှ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ရက်သတ္တပတ် အနည်းငယ် ပုန်းရှောင်ပြီးနောက် သူငယ်ချင်းတစ်ဦး၏ အကူအညီဖြင့် ကယ်လီဖိုးနီးယားပြည်နယ်သို့ ထွက်ပြေးတိမ်းရှောင်ကာ နာမည်သစ်ဖြင့် နေထိုင်ခဲ့သည်။

ရယူခဲ့

၁၉၈၁ ခုနှစ်တွင် သေဆုံးခဲ့သော အမျိုးသမီးလုံခြုံရေးတစ်ဦး၏ မှတ်ပုံတင်ကို ကိုင်ဆောင်နေထိုင်ခဲ့သည်။ မွေးသက္ကရာဇ်အတုကို အသုံးပြုလျက် ကယ်လီဖိုးနီးယား ယာဉ်မောင်းလိုင်စင်ကို ရယူခဲ့သော်လည်း သက်တမ်းကုန်သည့် ၁၉၉၉ ခုနှစ်တွင် အသစ်ထပ်မံ မလုပ်ခဲ့တော့ပေ။

အစွမ်းကုန်ကူညီ

မစ်ချီဂန်ရဲများ၏ သတင်းပေးချက်အရ ၂၀၀၈ခုနှစ် ဧပြီ၂၄ရက်တွင် ၄င်းအား အားကစား ယာဉ်တစ်စီးပေါ်မှ ဆန်ဒီဂိုရဲများက ဖမ်းဆီးခဲ့သည်။ အလန့်ဝေါ့ချ်က သူ၏ဇနီးသည်သည် သိက္ခာသမာဓိနှင့် သနားညှာတာမှုရှိသူဖြစ်ကြောင်း၊ သူ့အနေဖြင့် အံ့သြတုန်လှုပ်ခဲ့ရသော်လည်း ဇနီးသည်အား အစွမ်းကုန်ကူညီမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်ခန်းစာယူ

နာမည်ရင်း ဆူဇန်လီဖီဗရီအား မာရီဝေါ့ချ်ဟု ပြောင်းသည့်အပြင် ရေမြေပြောင်း၊ အသွင်ပြောင်းကာ ရှောင်တိမ်းခဲ့ပါသော်လည်း ဥပဒေလက်အောက်မှ မလွတ်မြောက်နိုင်သောအဖြစ်ကို သင်ခန်းစာယူဖွယ်ရာ အဖြစ် ရေးသား ဖော်ပြလိုက်ရပါသည်။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အမည်ပြောင်း

အဖ ဦးမောင်ရွှေ၏ သမီး အထက(၂)ကမာရွတ်(Grade -VII , F)မှ မသီသီလွင်အား မနုဒီရွှန်းလဲ့ဟု ခေါ်ပါရန်။ **မနုဒီရွှန်းလဲ့။**

ရောင်းရန်ရှိသည်

ဓမ္မစေတီလမ်း(ဗဟန်း)

ပေ၉၀×ပေ၁၂၀

ဖုန်း-၀၉-၉၉-၂၂၂၅၉၊ ၀၉-၅၀-၂၂၁၅၉။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်သူ မောင်မောင်၏ နိုင်ငံကူးလက်မှတ် (728759)စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၂၀၀၉၉၂၄။**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (သို့မဟုတ်)ကားနှင့်လဲမည်

မင်္ဂလာဒုံ၊ ပုလဲ(၃)ရပ်ကွက်၊ အမှတ်(၁၀၆) ဇီဇဝါလမ်းထောင့်ကွက်ရှိ ရှေ့မျက်နှာလှည့်နေအိမ်နှင့်ခြံ။ **ခေါ်ဆိုဈေး ကျပ်သိန်း၃၇၀၊ ဖုန်း-၇၀၉၇၉၇။**

ကျေးဇူးဆပ်ပါမည်

၆ခ/၆၀၄၈ မော်တော်ယာဉ်၏ အခွန်စိမ်းစာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၉၉-၂၆၆၄၇။**

နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ကိုအောင်ဇော်ဦး ၁၂/သဃက(နိုင်)၁၅၃၀၀၈နှင့် မဒွေးဒွေးမြင့် ၁၂/သဃက(နိုင်)၁၁၅၈၄၄ တို့သည် ၃၀-၅-၂၀၀၈ရက်တွင် ဂုဏ်သရေရှိ ရပ်ကွက်လူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြီးစီးပါကြောင်း။

ကိုအောင်ဇော်ဦး။

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အလုပ်သမားများ အမြန်အလိုရှိပါသည်

မြန်မာ့မာန်ကုမ္ပဏီလီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်ပအလုပ် အကိုင်အကျိုးဆောင်လိုင်စင်ရ Royal Four Sea Service Co., Ltd. Oversea Employment Agencyမှ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အလုပ်သမားများ အမြန်အလိုရှိသည်။

၁။ လုပ်ငန်းအမျိုးအစား - အထည်ချုပ်စက်ရုံ (Tai Wah Garments Industry Sdn. Bhd)

- လိုအပ်သောဦးရေ - ဦးရေ ၅၀(အမျိုးသား)
- အသက်အပိုင်းအခြား - အသက် ၂၀- ၃၅နှစ်
- အခြေခံလစာ - တစ်နေ့ ၁၈ ဒသမ ၅၀ရင်းဂစ်

အချိန်ပိုနှင့် ကျွမ်းကျင်မှုပေါ်မူတည်၍ လစာရင်းဂစ် ၁၀၀၀ခန့်ရရှိမည်။ ဖွန်လအတွင်း အင်တာဗျူးရှိသည်။

၂။ လုပ်ငန်းအမျိုးအစား - ကုန်ထုတ်လုပ်ရေး ပလတ်စတစ်စက်ရုံ (Porcelain Inn Sdn. Bhd)

- လိုအပ်သောဦးရေ -၁၈ဦး (အမျိုးသား)
- အသက်အပိုင်းအခြား -အသက်(၂၀- ၃၅)နှစ်
- ပညာအရည်အချင်း -အခြေခံပညာ အလယ်တန်း
- အခြေခံလစာ -တစ်နေ့ ၁၈ ဒသမ ၅၀ရင်းဂစ်

အချိန်ပိုအပါအဝင် လစာရင်းဂစ် ၇၅၀ခန့်ရရှိမည်။

မှတ်ချက် ။ ။ ငွေကြေးအခက်အခဲရှိသူများ တစ်ဝက်စနစ်ဖြင့် ဆောင်ရွက်ပေးမည်။ ဖွန်လအတွင်း အင်တာဗျူးရှိသည်။

အသေးစိတ်သိလိုပါက

Royal Four Sea Service Co., Ltd.
အမှတ် ၃၄၈၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
(သီတာမှတ်တိုင်အနီး)
ဖုန်း- ၀၁-၅၄၂၄၄၉၊ ၀၁-၅၅၇၉၁၆၊ ၀၁- ၅၅၂၁၁၆၊
H/ P, ၀၉-၅၁-၄၅၇၅၈၊ ၀၉-၅၁-၇၉၂၁၉။



ပလင်းတန်ဖွဲ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့

SSA(ရှက်ဆစ်)အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ မောက်မယ်မြို့နယ်၌ အပြစ်မဲ့ပြည်သူများအားသတ်ဖြတ် သစ်ခွဲစက်နှင့်ထော်လာဂျီတို့ကိုမီးရှို့ဖျက်ဆီး

နေပြည်တော် မေ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ SSA(ရှက်ဆစ်)အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် မေ ၂၈ရက် ညနေပိုင်းတွင် သစ်ခွဲစက်နှင့် ထော်လာဂျီတစ်စီးတို့ကို မီးရှို့ဖျက်ဆီးခြင်း၊ သစ်စက်အလုပ်သမားကိုးဦးအား ဖမ်းဆီးခေါ်ဆောင်၍ သတ်ဖြတ်ခြင်းနှင့် နားဆိုင်းကျေးရွာဥက္ကဋ္ဌအား ဖမ်းဆီးခေါ်ဆောင်ခြင်းများ ကျူးလွန်ခဲ့ကြောင်း သိရှိရသည်။

မီးရှို့ဖျက်ဆီး

မေ ၂၈ရက် ညနေ ၅နာရီတွင် SSA(ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အင်အား၂၅ဦးခန့်သည် မောက်မယ်မြို့နယ်ရှိ ဦးမြင့်ဦးပိုင် သစ်ခွဲစက်သို့ရောက်ရှိပြီး သစ်ခွဲစက်နှင့် ထော်လာဂျီတစ်စီးတို့ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ သစ်စက်အလုပ်သမား အောင်နိုင်အပါအဝင် ကိုးဦးအား ဖမ်းဆီးခေါ်ဆောင်၍ သစ်စက်နှင့် တစ်ဖာလုံခန့်အကွာရှိ ချောက်အတွင်း၌ သောင်းကျန်းသူများက ၄င်းအလုပ်သမားကိုးဦးအား တုတ်၊ ဓားများဖြင့် ရိုက်နှက်သတ်ဖြတ်ခဲ့ကြောင်း၊ သစ်စက်အလုပ်သမားအားလုံး သေဆုံးပြီဟုထင်မှတ်၍ သောင်းကျန်းသူများ ထွက်ခွာသွားချိန်တွင် ယင်းအလုပ်သမားအဖွဲ့မှ သန်းဇော်သည် ထွက်ပြေးလာပြီး မောက်မယ်ပြည်သူ့ဆေးရုံသို့ ဆိုင်ကယ်အကြုံဖြင့် ရောက်ရှိလာခဲ့ကြောင်း၊ သန်းဇော်၏ ဦးခေါင်း၊ လည်ပင်း၊ လက်ဝဲဘက်မေးရိုးနှင့် လက်ဝဲညှပ်ရိုးအောက်တို့တွင် ထိုးသွင်းပြတ်ရှဒဏ်ရာများ ပြင်းထန်စွာ ရရှိခဲ့သဖြင့် မောက်မယ်မြို့နယ် ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိကြောင်း၊ ကျန်ရှစ်ဦးမှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

အလားတူ SSA(ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် နားဆိုင်းကျေးရွာဥက္ကဋ္ဌ ဦးပိုက်အား ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် သောင်းကျန်းသူများနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။ လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြ ထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

မိုးဦးကာလသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များလုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်

နေပြည်တော် မေ ၃၀

မြန်မာနိုင်ငံရှိ မြစ်များ၏ရေနည်းရာသီကာလ မကြာမီကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိတော့မည်ဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများမြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

မြစ်ရေတက်လာမှုပေါ်မူတည်၍ ဤဦးစီးဌာနအနေဖြင့် ရေယာဉ်များအန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရေဒဏ်၊ လေဒဏ်၊ မိုးဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုစိုက်မောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်လေ့ရှိရာ ရေအနက် မလုံလောက်သည့် ရေမြှုပ်ပေါက်ဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်းမပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်စက်အားနှင့် ရေစီးအားကို ချင့်ချိန်ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

အမှတ်အသား

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင်လမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့်အပေါက်၌ အစိမ်းရောင် တြိဂံအမှတ်အသားပြသထားပြီး ရေယာဉ်များ မဝင်ရမည့်အပေါက်၌ အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများကို အနီရောင်မြားဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေမည်ဖြစ်ပြီး ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားကြီးများသို့ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် တက်မထိန်းစနစ်များကို ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင် ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အား၊ စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုးမပြုလုပ်ရန်နှင့် မြစ်ကူးတံတားကြီးများ ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်းမပြုလုပ်ဘဲ တစ်တွဲချင်းသာ ဖြတ်သန်းကြရန် လိုအပ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်ခြည်းလေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများဖြစ်ပေါ်သည့်အခါ မြစ်အတွင်း ခုတ်မောင်းနေသော ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြု မောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့တိမ်ကင်း၍... လမင်းသာခဲ့ပြီ

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

၂၀၀၈ ခုနှစ် မေ ၃ ရက် နံနက် ၈ နာရီ မန္တလေးမြို့ တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ရှိနေခဲ့ကြသည်။ မျက်စိ၊ နား၊ နှာခေါင်း ဆေးရုံဝင်း မဏ္ဍပ်ထဲတွင်လည်း ထောင်ပေါင်း များစွာသော လူအုပ်ကြီးက ကြက်ပျံမကျ ဖြစ်၍နေပေပြီ။ ဤနေ့ ဤအချိန်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့၏ ဦးဆောင်စီစဉ်မှုဖြင့် ဂျပန်နိုင်ငံမှ ဒေါက်တာ ဖူဂျီတာယိုရှိဖူမိ ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့နှင့် မြန်မာနိုင်ငံမှ မျက်စိဆရာဝန်ကြီးများ ပူးပေါင်းဆောင်ရွက်မည့် မန္တလေးတိုင်း အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသမှု အခမ်းအနားကို ခြိမ့်ခြိမ့်သဲသဲကျင်းပနေကြသည်။ မဏ္ဍပ်တွင်းဝယ် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်နှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (မန္တလေး)တိုင်းမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆေးရုံအုပ်ကြီးများ၊ ဂျပန်-မြန်မာ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် လာရောက်ပြသကြသည့် မျက်စိဝေဒနာရှင်များအားလုံး တစ်စုတစ်ဝေး ရှိနေခဲ့ကြပေသည်။

ဂျပန် မျက်စိအထူးကုအဖွဲ့သည် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မေ ၃ ရက် နံနက်က လေယာဉ်ဖြင့် သွားရောက်ရန် စီစဉ်ထားခဲ့ကြသော်လည်း မေ ၂ရက်နေ့ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂နာရီခွဲအထိ ရန်ကုန်မျက်စိ ဆေးရုံကြီးတွင် (၈)ကြိမ်မြောက် ဂျပန်-မြန်မာမျက်စိ ဆရာဝန်များ ညီလာခံကို အောင်မြင်စွာ ကျင်းပပြီးချိန်၌ အရေးပေါ် မုန်တိုင်းသတင်းကို ကြားသိခဲ့ရသည်။ ထို့ကြောင့် မေ ၂ရက် ညနေ ၃ နာရီ လေယာဉ်ဖြင့် မန္တလေးမြို့သို့ သွား ရောက်ရန် ချက်ချင်းပြင်ဆင်ကြရတော့သည်။ အကြောင်းမှာ



ဒေါက်တာ ဖူဂျီတာယိုရှိဖူမိ ခွဲစိတ်ကုသပေးနေစဉ်။

မန္တလေးမြို့တွင် ဂျပန်-မြန်မာ မျက်စိ အထူးကု ဆရာဝန်ကြီးများက အတွင်းတိမ် လူနာမှန်သမျှ တစ်ယောက်မကျန် ခွဲစိတ်ကုသပေးမည်ဟူသော သတင်းနှင့်အတူ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များအထိ အိမ်တိုင်ရာရောက် ဆော်ဩလှုံ့ဆော်မှုများကြောင့် မြို့နယ်အသီးသီးမှ လူနာ ပေါင်း ၄၀၀၀ ကျော်ခန့် စောင့်မျှော် ရောက်ရှိနေကြပြီဟူသော သတင်းများကြောင့် ကြိုတင်စီစဉ်ထားမှုများ မပျက်ပြယ်စေရန်အတွက် မန္တလေးသို့ ချက်ချင်း သွားရောက်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် မေ ၃ရက် နံနက် ကတည်းကပင် ဂျပန်-မြန်မာ မျက်စိကု ဆရာဝန်ကြီးများ ပူးပေါင်း၍ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၏ အနီးကပ်ကြီးကြပ်မှုကိုခံယူကာ မိမိတို့ တတ်ကျွမ်းသည့် ပညာဖြင့် အလင်းမရသူများအတွက် မျက်စိအလင်းကို ဖော်ဆောင်ပေးနိုင်ရန် မနားမနေ ခွဲစိတ်ပေးနေခဲ့ကြသည်။ တစ်ဖက်မှလည်း မုန်တိုင်းသတင်းကို နားစွင့်ရင်း ဆုတောင်းမေတ္တာများ ပို့သပေးနေကြရပြန်သည်။

မန္တလေး ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း၊ မျက်စိ၊ နား၊ နှာခေါင်း ဆေးရုံအုပ်ကြီး ဒေါက်တာ သိမ်းဝေနှင့် တွဲဖက်ပါမောက္ခဒေါက်တာ ရဲလွင်တို့ ဦးဆောင်၍ လူနာမှတ်ပုံတင်ခြင်း၊ ပြင်ပလူနာဌာနတွင် စမ်းသပ်ကြည့်ရှုခြင်း၊ မျက်မှန် စမ်းသပ်ပေးခြင်း၊ မျက်စိခွဲစိတ်ကုသမှုခံယူရမည့် လူနာများအား ဆီးချို၊ သွေးတိုး စစ်ဆေးခြင်း၊ ခွဲစိတ်ခန်းသို့ လူနာအရောက်ပို့နိုင်ရေးကို NGOအဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်စေခြင်းစသဖြင့် စနစ်တကျ စီစဉ်ထားခဲ့ရာ လူနာများ မည်မျှပင် များပြားနေသော်လည်း စည်းကမ်းတကျ ရှိနေခဲ့ကြသည်။

ခွဲစိတ်ခန်းတွင်း၌လည်း ဒေါက်တာ ဖူဂျီတာယိုရှိဖူမိ ဦးဆောင်သော ဂျပန်အဖွဲ့က ခွဲစိတ်ခန်းတစ်ခန်း၊ မြန်မာနိုင်ငံ မျက်စိအထူးကု ဆရာဝန်ကြီးများက ခွဲစိတ်ခန်း သုံးခန်းဖြင့် ပြိုင်တူ ခွဲစိတ်နေခဲ့ကြပြီး ခွဲစိတ်မှုအခြေအနေများကို T.V ဖြင့် တိုက်ရိုက်ပြသပေးနေလို့ လူနာရှင်များပါ ကြည့်ရှုနိုင်အောင် စီစဉ်ထားရှိပေသည်။ မြန်မာနိုင်ငံ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ခင်ငြိမ်းလင်း ဦးဆောင်သော မိတ္ထီလာ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ ရွှေဘို၊ မကွေး၊ စစ်ကိုင်းမြို့များမှ မျက်စိဆရာဝန်ကြီးများက လာရောက်ကူညီခွဲစိတ်မှုများ ပေးခဲ့ကြရာ ခွဲစိတ်ခုတင် ၁၀ လုံး၊ မိုက်ခရိုစကုတ် ၁၀လုံးဖြင့် လူနာ ၁၀ ဦးအား တစ်ပြိုင်နက် ခွဲစိတ်ပေးနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံ မျက်စိ ဆရာဝန်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုနှင့် မြန်ဆန် ကောင်းမွန်စွာ ခွဲစိတ်နိုင်မှုတို့ကို ကောင်းစွာပြသနိုင်ခဲ့သည့်ပွဲဟူ၍လည်း ဆိုနိုင်ပေသည်။

မန္တလေးခရိုင်အတွင်းရှိ အောင်မြေသာစံ၊ ချမ်းအေးသာစံစသည့် မြို့နယ် ခုနစ်မြို့နယ်မှလည်းကောင်း၊ မန္တလေးတိုင်းအတွင်းရှိ မြင်းခြံ၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ငါန်းဇွန်၊ မတ္တရာ၊ မိုးကုတ်၊ ပြင်ဦးလွင်မြို့များမှ လည်းကောင်း၊ စစ်ကိုင်း မြင်းမူ၊ကသာ၊ အင်းတော်၊ ရွှေဘိုမြို့တို့နှင့် ရှမ်းပြည်(မြောက်ပိုင်း) နမ့်ခမ်းမြို့များမှ တိုင်းရင်းသားပြည်သူများ အားကိုးတကြီး လာရောက်ပြသခဲ့ကြပေသည်။

ပြင်ပလူနာဌာနတွင်လည်း မန္တလေး မျက်စိ၊ နား၊ နှာခေါင်း ဆေးရုံကြီးမှ မျက်စိကု ဆရာဝန်များက လူနာများအား မညည်းမညူ မနားတမ်း ကြည့်ရှုပေးနေကြရာ ဆေးရုံဝင်းတစ်ခုလုံး ခြေချစရာ နေရာလပ်မရှိအောင် များပြားလှသော ကြောင့် ဤထူးခြားသော မြင်ကွင်းကို ကြည့်၍ ဂျပန်နိုင်ငံမှ မျက်စိအထူးကုအဖွဲ့မှာ အံ့သြဝမ်းသာနေခဲ့ကြသည်။ အမှန်တကယ်အားဖြင့် ဂျပန်-မြန်မာ မျက်စိကု ဆရာဝန်ကြီးများ ပူးပေါင်းဆောင်ရွက်ခဲ့သည့်ခရီးစဉ်ပေါင်းသုံးကြိမ်ရှိခဲ့ပြီဖြစ်သည်။ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့် ဦးဆောင်သည့် ပထမအကြိမ်သည် ပုသိမ်ငွေဆောင် ခရီးစဉ်ဖြစ်၍ ၄င်းခရီးစဉ်တွင် ပြင်ပ လူနာပေါင်း ၄၁၃၄ဦးနှင့် အတွင်းတိမ် လူနာ ၁၃၇ဦးကို အောင်မြင်စွာ စမ်းသပ် ခွဲစိတ်ပေးနိုင်ခဲ့ကြသည်။ ဒုတိယအကြိမ်ဖြစ်သော တောင်ကြီးစဝ်စံထွန်းဆေးရုံကြီးတွင်လည်း ပြင်ပလူနာပေါင်း ၁၉၂၀ ကို ကုသပေးခဲ့ပြီး အတွင်းတိမ် ၂၀၈ဦးကို ခွဲစိတ်ပေးနိုင်ခဲ့ကြသည်။ ယခုအကြိမ် မန္တလေးခရီးစဉ်တွင်လည်း စုစုပေါင်းလူနာ ၄၅၂၅ဦးကို စမ်းသပ်ကြည့်ရှုပေးခဲ့ပြီး အတွင်းတိမ်လူနာ ၈၀၃ဦး၊ အသေးစား ခွဲစိတ်မှုပေါင်း၂၈၈ဦး စုစုပေါင်းလူနာ ၁၀၉၁ဦးကို အခမဲ့ ခွဲစိတ်ပေးနိုင်ခဲ့ကြရာ ခရီးစဉ်အားလုံးအနက် စံချိန်သစ်တင်နိုင်ခဲ့သော အောင်ပွဲတစ်ခုဖြစ်ပေတော့သည်။

၂၀၀၁ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ ခြောက်လတစ်ကြိမ် လာရောက်ခဲ့သည့် ဒေါက်တာဖူဂျီတာတို့အဖွဲ့မှာ ယခု အကြိမ်နှင့်ဆိုလျှင်(၁၈)ကြိမ်ရှိခဲ့ပြီ ဖြစ်ပြီး ဆေးပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများကိုပါ လှူဒါန်းခဲ့ကြရာ တစ်နှစ်ထက် တစ်နှစ် တစ်ခေါက်ထက်တစ်ခေါက် မြန်မာပြည်သူတို့နှင့် တစ်သားတည်း ဖြစ်၍နေခဲ့ကြသည်။

“ကျွန်တော်တို့ ပင်ပန်းတယ်မထင်ပါဘူး။ ခွဲစိတ်ကုသ၍ လူနာအားလုံး ရာနှုန်းပြည့် အောင်မြင်တာဟာလဲ ကျန်းမာရေးဝန်ကြီး မြန်မာနိုင်ငံမျက်စိကုဆရာဝန်များနှင့် တာဝန်ရှိသူအားလုံး အားတက်သရော ပူးပေါင်းပါဝင်ခဲ့ကြတာကြောင့်ဖြစ်ပြီး ကျွန်တော်တို့ကို အားသစ်တွေ ဖြစ်စေခဲ့ရပါတယ်။ မြန်မာလူမျိုးတွေကို ကျွန်တော်တို့ ချစ်ပါတယ်”

ဆိုသည်ကတော့ အေးချမ်းတည်ကြည်သည့် အပြုံးပိုင်ရှင် ဒေါက်တာ ဖူဂျီတာ ယိုရှိဖူမိ၏ ရင်တွင်းစကားပင် ဖြစ်ပေသည်။

အတွင်းတိမ်ရောဂါကို Phacoemulsification ဟု ခေါ်သော အသံလွန်လှိုင်းဖြင့် တိမ်ကို ခြေမွစုပ်ထုတ်၍ ခေါက်ချိုး၍ ထည့်ရသော မျက်တွင်းမှန် (Foldable I.OL)ကိုကျွမ်းကျင်သေသပ်စွာ လေးမိနစ် တစ်ဦးနှုန်း ခွဲစိတ်ပေးနေသည့် ဒေါက်တာဖူဂျီတာနှင့်အဖွဲ့၏ လှုပ်ရှားမှု ပုံရိပ်များကတော့ အားကျ အတုယူ စံနမူနာ ယူစရာချည်းပင်။

တစ်နေကုန် ရှင်လန်းတက်ကြွလျက် မောသည် ပန်းသည် သဘောမထားဘဲ မေတ္တာစေတနာ အပြည့်ဖြင့် ခွဲစိတ်ပေးနေခဲ့သည့် ဒေါက်တာဖူဂျီတာယိုရှိဖူမိ၊ ဒေါက်တာအိနိုအုအယ်တို့၏ အပြုံးမျက်နှာများ၊ ‘မီးကိုကြည့်ပါ’ ဟူသော မြန်မာ စကားလေးကို ထပ်ကာထပ်ကာပြောရင်း ခွဲစိတ်ခံယူနေသူ မြန်မာလူမျိုးအပေါ် ကြင်နာနွေးထွေးမှုများ၊ ခွဲစိတ်ပြီးသည်နှင့် ခုတင်ပေါ်မှအဆင်း အံ့သြတုန်လှုပ်စွာဖြင့် **‘လင်းနေတာပဲကွယ် မြင်ရပြီ မြင်ရပြီ’** ဟု ဝမ်းသာအားရ လက်အုပ်လေး ချီလျက် **‘ကျေးဇူးပဲတော်’** ဟု ရိုးသားပွင့်လင်းစွာ စကားဆိုနေသည့် ချစ်စရာအညာသူကြီး၏ ပီတိပီတိအပြုံးမျက်နှာ၊ ဤမျှ လှပသော ပန်းချီကားချပ်သဖွယ်မြင်ကွင်း ကိုကြည့်ရင်း အတွေးတစ်ခုက ဝင်ရောက်

မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က နေကာမျက်မှန်များ တပ်ဆင်ပေးစဉ်။

လာခဲ့ရသည်။ ဂျပန်ရယ်၊ မြန်မာရယ် လူမျိုးဘာသာ မည်သို့ပင်ကွဲပြားခြားနား နေပါစေရင်ထဲနှလုံးသားထဲ၌ ဖြစ်တည်နေသည့် လူလူချင်း ညာတာထောက်ထားမှု၊ ကူညီရိုင်းပင်းမှု၊ တစ်ဦးနှင့်တစ်ဦး နားလည် ခံစားနိုင်မှု၊ နူးညံ့နွေးထွေးသည့် စိတ်နှလုံးများကတော့ ထပ်တူရှိနေကြသည်သာ ဖြစ်သည်။

တစ်ဖက်မှ ကြည့်ပြန်လျှင်လည်း လူသားဟူ၍ရှိနေသ၍ ‘အတွင်းတိမ်’ ဆိုသည်မှာလည်း ရှိနေမှာ ဖြစ်သည်။ အတွင်းတိမ်ရောဂါ ဆိုသည်မှာလည်း မျက်စိအမြင် ကွယ်စေနိုင်သည့် ရောဂါများအနက် နံပါတ်(၁) နေရာတွင် ရှိနေသလို ခွဲစိတ်ကုသခြင်းဖြင့် ရာနှုန်းပြည့် အမြင်အာရုံပြန်ရနိုင်သည်မှာလည်း အတွင်းတိမ်ရောဂါပင် ဖြစ်နေပြန်သည်။ ထို့ကြောင့် မြန်မာပြည်အနှံ့ သွားရောက်၍ ယခုကဲ့သို့ ထူးခြားကြီးကျယ်သည့် အစီအစဉ်များဖြင့် ပြည်သူတို့အတွင်း ဝင်ရောက်ပြီး အတွင်းတိမ်ကြောင့် မျက်စိကွယ်နေသူများကို ရှာဖွေဖော်ထုတ် ကယ်တင်နိုင်ခဲ့ကြခြင်းကြောင့်၊ မြန်မာနိုင်ငံ၏ မျက်မမြင်ဦးရေ လျော့နည်းကျဆင်းသွားရသလို Cataract Surgery Rate (CSR) ဟု ခေါ်သော အတွင်းတိမ် ခွဲစိတ်မှုနှုန်းထားများကို ပိုမိုမြင့်မားလာအောင်လည်း စွမ်းဆောင်ပေးနိုင်ခဲ့ကြပြန်သည်။ ယင်းကဲ့သို့ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကို ထိထိရောက်ရောက် ဖော်ဆောင်နိုင်ခဲ့ခြင်းအပြင် ကျွန်မတို့သွားရောက်ခဲ့သည့် ခရီးစဉ်တိုင်း၏ အောင်မြင်မှုများသည် တစ်တိုင်းပြည်လုံးမှ ရိုက်ခတ်လာသည့် ဝမ်းသာ လှိုက်လှဲ အားပေးချီးကျူးကြသည့် ပွဲတင်သံများက သက်သေထူနေခဲ့ကြပေသည်။

ယခုကဲ့သို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ခရီးစဉ်များကို တောင်သာခရီးစဉ်မှ စတင်ခဲ့ရာ ယနေ့အထိ ကိုးကြိမ်ရှိခဲ့ပြီ ဖြစ်သည်။ ၆-၇-၂၀၀၇ မှ ၉-၇-၂၀၀၇ အထိ တောင်သာခရီးစဉ် ပြင်ပလူနာ ၇၆၂၄၊ အတွင်းတိမ် ၅၁၆၊ ပေါင်းတည် ၂၀၆၀ (၂၄၀)၊ ကွမ်းခြံကုန်း ၆၉၆၃ (၄၄၀)၊ စစ်တွေ ၅၁၂၀ (၆၀၃)၊ လှိုင်လင် (၃၁၄၆) (၃၄၇)၊ နေပြည်တော် (၂၈၆၂) (၄၀၈)၊ လားရှိုး(၆၂၄၇)(၄၅၅)၊ ဟင်္သာတ (၃၂၀၈) (၇၄၁)၊ မန္တလေး (၄၅၂၅) (၈၀၃) စသဖြင့် အံ့မခန်းအောင်မြင်မှုများ ရရှိခဲ့ကြပေသည်။

လှိုင်လင်နှင့် လားရှိုးမြို့တို့သို့ သွားရောက်ခဲ့စဉ်က အတွင်းတိမ်လူနာများများ မရှိနိုင်သလို မျက်စိဝေဒနာရှင်များလာမှ ပြပါမည်လားဟူ၍ တွေးထင်ထားခဲ့သော်လည်း လက်တွေ့တွင်မူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၏ တစ်အိမ်တက်ဆင်း လိုက်လံစည်းရုံးလှုံ့ဆော်မှု၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ပံ့ပိုးကူညီမှု၊ အလှူရှင်၏ စိတ်ရောကိုယ်ပါ အားပေးလှူဒါန်းမှုများကြောင့်ပင် အိမ်ထဲ၊ ယာထဲ၊ တောတောင်ထဲ အတွင်းတိမ်ကြောင့် အမှောင်ကမ္ဘာထဲတွင် ငုတ်တုတ်ထိုင်နေကြသူ ရှမ်းတိုင်းရင်းသားပြည်သူများကို မျက်စိဆရာဝန်များ၏ လက်ထဲအရောက် ပို့ဆောင်ပေးနိုင်ခဲ့ကြသည်။ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဝ၊ ကိုးကန့်၊ ယင်းကြား၊ ယင်းနက်၊ လားဟူစသည့် တိုင်းရင်းသားတို့၏ ဘာသာစကား အခက်အခဲကို ကျော်လွှား၍ အမှောင်တွင်းမှ ကယ်တင် အလင်းသစ်တို့ကို ပေးလှူနိုင်ခဲ့ကြသလို တစ်ဖက်မှလည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု မှတ်တိုင်များ စိုက်ထူပေးနိုင်ခဲ့ကြပြန်သည်။

ယခုလည်း မန္တလေးခရီးစဉ် ခြိမ့်ခြိမ့်သဲသဲ အောင်မြင်မှုများ ရရှိခြင်း၏ ရလဒ်ကို တွက်ချင့်ကြည့်နေမိသည်။ ခရီးစဉ်တစ်ခု၏ အောင်မြင်မှုသည် အဖွဲ့အစည်းအားလုံး၏ စုစည်းညီညွတ်မှု စိတ်ဓာတ်ခွန်အားများ၊ လူနာအပေါ် ရာနှုန်းပြည့် အမြင် ပြန်လည်ရရှိစေလိုသော စေတနာ အရင်းခံများ၊ အရည်အချင်းရော အရေအတွက်ပါ လျာထားချက် ပြည့်ဝအောင်မြင်စေရန် မဆုတ်မနစ်သော ဖွဲလုံ့လများအားလုံး ပေါင်းဆုံ စုစည်းနိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။ ရူပဗေဒ သဘောအရ ပြောရမည် ဆိုပါလျှင် ကြီးမား လေးလံသော ကျောက်တုံးကြီးရွေ့သို့ ရွေ့လျားသွားနိုင်ရန်အတွက် Force ဟူသော တွန်းအားသည် မရှိမဖြစ် အရေးကြီးလှပေသည်။ တစ်နည်းဆိုရလျှင် အောင်မြင်သော အလုပ်တစ်ခုရရှိရန်သည် ကျွန်မတို့ မျက်စိဆရာဝန်များ၏ လုပ်အား တစ်ခုတည်းနှင့် မလုံလောက်နိုင်ဘဲ အထက်က တင်ပြခဲ့သော စိတ်ဓာတ် ခွန်အားကို အရင်းတည်၍ တွန်းအားနှင့်တူသော ဦးဆောင်စီစဉ်ပေးသူ၊ ပံ့ပိုးကူညီပေးသူနှင့် စေတနာသုံးတန် ပြဋ္ဌာန်းလှူဒါန်းပေးသော အလှူရှင်တို့၏ တွန်းအားများဖြင့် ပေါင်းစပ်ပါဝင်မှသာ အောင်မြင်မှုများ ရရှိနိုင်မှာပင် ဖြစ်သည်။

မျက်စိခွဲစိတ်ပြီး နောက်တစ်နေ့ လူနာများကို အမြင်အား တိုင်းတာခြင်း၊ နေကာမျက်မှန်များပေးလှူခြင်း ပြုလုပ်စဉ် အလင်းသစ်ကို ရရှိသွားကြသည့် ရွှေညာသူ ရွှေညာသား ကျွန်မတို့၏ ဆွေမျိုးများမှာ အပြုံးပန်းများဖြင့် ကြိုင်လှိုင်ဝေဆာ နေပေတော့သည်။

“ကျွန်တော်က မန္တလေးသားမို့ မန္တလေးက ဆွေမျိုးတွေအတွက် မျက်စိအလင်းအလှူပွဲ ဖြစ်စေချင်နေတာ ကြာပြီဗျာ၊ အခုမှပဲ အကောင်အထည်ဖော်ဖြစ်တော့တယ်” ဟုကြည်နူးပီတိဖြင့် စကားဆိုနေသူကို ‘အမေမြင်ရပါပြီသားရယ်’ ဟု ကျန်းမာရေးဝန်ကြီး၏ လက်ကို အားပါးတရ ကိုင်လှုပ်ရင်း ဝမ်းသာဝမ်းနည်း မျက်ရည်ကြည်တို့ဝေ့ဝဲ နေရာသည့် အမေအို၊ အဘွားအိုများ ‘သားရယ် သားတို့ရဲ့ ကျေးဇူးတွေကို ငွေကြေးနဲ့ ပြန်မဆပ်နိုင်ပေမယ့် နှလုံးသားနဲ့ ရင်းပြီး မေတ္တာတွေနဲ့ ပြန်လည်ပေး ဆပ်သွားမှာပါ။ သာဓုပါကွယ် သာဓုပါ’ ဟူသည့် ရင်တွင်းမှ လှိုက်လှိုက်လှဲလှဲ ဆုတောင်းပေးသံများ။

‘အမေမွေးတဲ့မျက်စိ မဟုတ်ပါဘူး… ဒေါက်တာတို့ပေးတဲ့ မျက်စိပါ။ ဘဝသစ် တစ်ခုကို ပြန်ရခဲ့သလိုပါပဲကွယ်’ ဟူသော အဘိုးအိုတို့၏ မေတ္တာလှိုင်းများက အလင်းတို့ကိုထွန်းညှိပေးခဲ့သူအားလုံး၏ ရင်ကို ရိုက်ခတ်အေးမြစေခဲ့ရပြီ။

မှုန်သီရီဝေနေသည့် မျက်လုံးလေးများထဲမှ ပီတိအရိပ်များကတော့ အလင်းသစ်တို့ကိုပိုင်ဆိုင်၊ အလင်းရောင် ဆိုတာကို လက်တွေ့ ခံစားနိုင်ပြီမို့ ကျန်ရှိနေသေးသည့်ဘဝ၏ အချိန်များကို ဥပုသ်သီလ ဆောက်တည်၊ ဘာဝနာပွားများရင်းဖြင့် လောကဓံကို အန်တုရင်ဆိုင်နိုင်မည့် ခွန်အားများကို ရခဲ့ပါပြီ ဟု ဆိုပြန်တော့ ကျွန်မတို့အားလုံး ဖော်ဆောင် ဖွင့်လှစ်ပေးခဲ့သော စက္ခုအလင်း တံခါးမှသည် ပြည်သူတို့၏ ဘဝအလင်း၊ ဓမ္မအလင်းအထိ ဆင့်ပွားပေးစွမ်းနိုင်ခဲ့ပြီလားဟူ၍ ကျေနပ် ဂုဏ်ယူနေမိတော့သည်။

မည်သို့ဆိုစေ လောကဓာတ်တစ်ခွင်မှာတော့ သာယာကြည်လင်၍ နေခဲ့ပြီး မုန်တိုင်းဒဏ်ကြောင့် သဘာဝဘေးအန္တရာယ်ကို ခါးသီးစွာ ခံစားခဲ့ရသူများအတွက် ရင်နှင့်မမျှအောင် ကြေကွဲဝမ်းနည်းနေခဲ့ရသော်လည်း တစ်ချိန်တည်းမှာပင် မိမိတို့အား မျှော်လင့်အားကိုးနေကြသည့် ပြည်သူများအတွက် မိမိတို့ တတ်ကျွမ်းသည့် ပညာလုပ်အားဖြင့် ရယူခဲ့ရသော အလင်းကုသိုလ်များကို မျှဝေခံစားစေချင်မိပြန်သေးသည်။ မည်သည့် အခြေအနေတွင် ဖြစ်ပါစေ ကြုံလာသည့်အချိန်တွင် မိမိတို့ပေးဆပ်ရမည့် တာဝန်နှင့် ဝတ္တရားများကို အကောင်းဆုံး ဖော်ဆောင်ပေးရင်းဖြင့် ပြည်သူတို့ အတွက်ထာဝရရပ်တည်နေရမည်ဆိုသည် ကတော့ ကျွန်မတို့အားလုံး၏ သမိုင်းပေး တာဝန်ပင်မဟုတ်ပါလား။ ။

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်ပိန်းဇလုပ်မြို့ သုမင်္ဂလာရာမ ပရိယတ္တိ စာသင်တိုက် အတွင်းရှိ သုဝဏ္ဏဝတီ ရွှေကျောင်းတော်ကြီး ပြန်လည် ပြုပြင်ရန်အတွက်ဦးတင်မြင့်-ဒေါ်ရီ၊ သားကိုဝင်းမင်းသန့်၊ သမီး မငွေငွေရီ တပင်ရွှေထီးလမ်း အမှတ် ၅၂၄ အောင်ဇေယျရပ်ကွက် နေပြည်တော်တပ်ကုန်းက ငွေကျပ်နှစ်သိန်းကို ပဓာနဆရာတော် ဦးဥတ္တမသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ လှိုင်ကော်မြို့နယ်တွင် ကျင်းပ

လှိုင်ကော် မေ ၂၂

ကယားပြည်နယ် ၂၀၀၈ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ၂၀၀၈ခုနှစ် မေ၁၆ရက်နံနက်က လှိုင်ကော်မြို့ အမှတ်(၁)စက်မှုရပ်ကွက်တွင် ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သွန်းတင် တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်က သစ်ပင်စိုက်ပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သွန်းတင်က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသားပြည်သူများအား ပျိုးပင်အိတ်များ ဖြန့်ဝေပေးသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်နယ် ဥက္ကဋ္ဌနှင့်ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ သစ်ပင်များစိုက်ပျိုးပေးပြီး တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ခရေပင်၊ ကံ့ကော်ပင်၊ မယ်ဇလီပင်၊ ပန်းမားငု၊ မန်ကျည်းပင် စုစုပေါင်း ၁၅၀၃ပင်ကို စက်မှုရပ်ကွက်လမ်းမကြီးဘေးဝဲယာတွင် စိုက်ပျိုးကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိတ္ထီလာ၌ စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး ရှင်းလင်း စာအုပ်မျိုးစုံနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်

မိတ္ထီလာ မေ ၂၃

မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် အလည်ရွာ ကျေးရွာအုပ်စုလုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းနှင့် အလည်ရွာကျေးရွာ ဗိုလ်မှူးကြီးဘိုးကြင်စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားကို မေ၁၉ရက် မွန်းလွဲ၁နာရီက အလည်ရွာကျေးရွာ ဗိုလ်မှူးကြီးဘိုးကြင် စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်မှူးကြီးဘိုးကြင် စာကြည့်တိုက်အဆောက်အအုံ အလှူရှင် ဒေါ်အေးမာခင်က စာအုပ်မျိုးစုံ အုပ်၅၀၀၊ ရွှေအားမာန် ဓာတ်သဘင်အဖွဲ့မှ ဓာတ်ဆရာဦးရွှေသွေးက စာအုပ်မျိုးစုံအုပ်၅၀ကို ပေးအပ်လှူဒါန်းရာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစံငြိမ်းက လက်ခံယူသည်။

အလည်ရွာကျေးရွာ ဗိုလ်မှူးကြီးဘိုးကြင်စာကြည့်တိုက် ငွေပဒေသာပင်ရန်ပုံငွေမှ အထက်တန်းဆင့် ကျောင်းသား ကျောင်းသူခုနစ်ဦး ပညာသင်ထောက်ပံ့ကြေးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀စီဖြင့် ငွေကျပ် ၃၅၀၀၀ကို အလှူရှင် ဗိုလ်မှူးမိုးပေါ်-ဒေါ်အေးမာခင်က ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အလည်ရွာကျေးရွာအုပ်စုတွင် ကျေးရွာစာကြည့်တိုက်များကို ကျေးရွာအသီးသီး၌ ဖွင့်လှစ်ကြကြောင်း သိရသည်။ (ဝ၇၈)

မြို့နယ် သတင်းများ

ကျောက်မဲ၌ အမျိုးသားပညာရည်မြင့်မားရေး ဆွေးနွေး

ကျောက်မဲ မေ ၂၆

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ ၂၀၀၈ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး ခရိုင်အဆင့်ထပ်ဆင့်ဆွေးနွေးပွဲ အခမ်းအနားကို မေ၂၀ရက်က ကျောက်မဲမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ကျင်းပရာ ခရိုင်ပညာရေးမှူး ဒေါ်နန်းဆိုင်ဟွမ်က အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်နယ်လက်ထောက်ကြီးကြပ်ရေးမှူးများ ဖြစ်ကြသော ဆရာမကြီးဒေါ်ဆယ်မိ၊ ဒေါ်ရင်မေ၊ သီပေါမြို့နယ် ပညာရေးမှူးဦးသန်းဆွေနှင့် ကျောက်မဲမြို့နယ် မူလတန်းကျောင်းအုပ်ဒေါ်နန်းငင်းအောင်တို့က အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်း အကောင်အထည်ဖော်မှု အစီရင်ခံစာ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်ကိုလည်းကောင်း၊ ဒုတိယနှစ်တို ငါးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ၁၀ရပ်နှင့် ၂၀၀၈ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲသို့တင်ပြသည့် စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။ (ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးဆွေးနွေး

ပြည် မေ ၂၄

ပဲခူးတိုင်း(အနောက်ပိုင်း)သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပေးဆွေးနွေးပွဲကို မေ၁၆ရက်က ပြည်မြို့ တိုင်းခွဲ ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တိုင်းကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်မြို့အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းကျန်းမာရေးကော်မတီအဖွဲ့ဝင် ပြည်မြို့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က အမှာစကားပြောကြားပြီး ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းခွဲကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဝင်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြကြောင်းသိရသည်။**(အပေါ်ပုံ)** (ဝ၅၇)

ဝိုင်းမော်မြို့နယ်စည်ပင် ကျေးလက်လမ်းဖောက်

ဝိုင်းမော် မေ ၂၃

ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဆန်းကား-တာဆန်း-ဥလောက် မြေသားလမ်း နှစ်မိုင် ဖောက်လုပ်နေမှုကို မေ ၁၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းထွန်းဝင်းနှင့်ဝန်ထမ်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးငွေလွင်စိုး ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းနှင့်အဖွဲ့ မေ၂၈ရက်က သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ပိုင်ပျိုးဥယျာဉ်များကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်ဝင်းအောင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သာယာဝတီဈေးအတွင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက်မေ၈ရက်က အဖွဲ့ဝန်ထမ်းများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေး အကျိုးတော်ဆောင်အဖွဲ့ဝင်များ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ဖြိုးနှင့် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသောင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အရန်သားဖွားသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက် သီပေါ၌ရှင်းလင်း

သီပေါ မေ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ၇ရက် နံနက်၁၀နာရီက မြို့နယ်ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပသည်။

စီမံချက်ရှင်းလင်း

အခမ်းအနားတွင် ကျောက်မဲခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေ **(ယာပုံ)**က အမှာစကားပြောကြားပြီး ခရိုင်ဆရာဝန် ဒေါက်တာရီရီထွေးက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်နှင့် သင်တန်းစီမံချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သီပေါမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသူ ၃၅ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရောင်ခြည်သစ်စာကြည့်တိုက် နှစ်ပတ်လည်နေ့ အားကစားပြိုင်ပွဲ ဆုရသူများ ဆုပေးအပ်ချီးမြှင့်

ချောင်းဦး မေ ၂၃

ချောင်းဦးမြို့နယ် ထူးနီကျေးရွာ ရောင်ခြည်သစ်စာကြည့်တိုက် (၆)မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကို မေ၁၉ရက် နံနက်၉နာရီက ထူးနီကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက်နာယကဆရာတော် ဦးမုနိန္ဒက သြဝါဒကထာ မိန့်ကြားတော်မူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်မောင်က အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ရောင်ခြည်သစ်စာကြည့်တိုက် ခြောက်နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ်ကျင်းပသော ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့်ကဗျာရွတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား တာဝန်ရှိသူက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

အမည်ပြောင်း

တောင်ကြီးမြို့ အမက(၄) ဒုတိယတန်းအောင်မှ နန်းနွန်းအွန်ပိုအား ယနေ့မှစ၍ နန်းစုစုစံဟု ပြောင်းလဲခေါ်ပါရန်။ **နန်းစုစုစံ။**

ဖခင်အမည်မှန်

ဒဂုံတက္ကသိုလ် ဒုတိယနှစ်(ပထဝီ)မှ မဟေမာန်ထွန်းနှင့် သုဝဏ္ဏမြို့ အမက (၁၆) စတုတ္ထတန်း(D)မှ မမေသဇင်ထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးတင်မြင့် ၁၂/သဃက(နိုင်)၀၈၆၀၀၅ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

အဖ ဦးလှလွင်၏ သား အလက(၁၀) အင်းစိန် အဋ္ဌမတန်း (A)မှ မောင်ဝေသဏ်မင်းလွင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၂-၁၉၉၄ ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် 120 KVA Ups Battery များ ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် အသုံးပြုရန်လိုအပ်သော 120 KVA Ups Battery များကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-

1. 120 KVA Ups Battery ၃၄လုံး

၂။ တင်ဒါပေးသွင်းမှုကို ၁၃-၆-၂၀၀၈ရက် (၁၆း၃၀နာရီ)တွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၄၈၈၆။

အမည်ပြောင်း

ဦးချိုလေး၏သား အလက(၂) ဗဟန်း၊ အဋ္ဌမတန်း (A)မှ မောင်အောင်ဖြိုးအား မောင်အောင်ဖြိုးထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ဖြိုးထက်။**

အမည်ပြောင်း

အဖ ဦးအောင်စိန်၏ သား စစ်တွေမြို့ အထက(၄) နဝမတန်းမှ မောင်ကောင်းမင်းကျော်အား မောင်အောင်ရဲခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ရဲခန့်။**

စလောင်း

အထူးပြုပြင် မွမ်းမံ တပ်ဆင်ပေးသည်။

ဖုန်း-၀၉-၉၉-၇၂၁၃၅။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘအ/၃၀၉၂ မော်တော်ယာဉ်/ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးစောအောင်ဝင်း ၃/ဘအန(နိုင်)၀၄၅၉၁၅က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)။**

အမြန်ပြန်လာပါ မောင်ပြည့်ဖြိုးသွင်

သား/ညီလေး

အားလုံးစိတ်ပူနေသည်။ သားဖြစ်စေချင်တဲ့ ဆန္ဒအားလုံး ဖြစ်စေရမည်။ အမြန်ပြန်လာပါ။

အဖေကြီး၊
အမားကြီး၊
အစ်ကိုကြီး။

အမည်ပြောင်း

အဖ ဦးရွှေကျော်သာ၏သမီး အလက-၇(စစ်တွေ) အဋ္ဌမတန်း အောင် မဆုနန္ဒာအောင်အား မမေသင်းခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မမေသင်းခိုင်။**

အမည်ပြောင်း

အဖ ဦးသန်းထိုက်၏ သား ဆဋ္ဌမတန်း အလက(၁) မိတ္ထီလာမြို့ မောင်ထိုက်အောင်ဖြိုးအား ယနေ့မှစ၍ မောင်ဘုန်းထွဋ်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ည/၅၉၉၆ Toyota DA110/D/T(4x2) ယာဉ်လက်ဝယ်ရှိသူ ဆည်မြောင်းဦးစီးဌာန (မြို့ပြ) တည်ဆောက်ရေး(၉)က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီးရုံး)၊ ရန်ကုန်မြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ည/၃၈၅၂ Datsun 1200 P/U ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၇/ပမန(နိုင်)၀၉၄၀၃၃က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်းရုံး)ရန်ကုန်မြို့။**

(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စတ/၂၇၃၆ ဟွန်ဒါ ဒရိမ်းဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇောသန်း မှတ်ပုံတင်အမှတ် ၁၁/ရသတ (နိုင်) ၀၃၉၁၀၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ပြည်နယ်ရုံး)စစ်တွေ။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် တခလ/၇၀၅၈ (Honda Dream) လက်ဝယ်ရှိသူ ဦးယောဘ ၁၃/တခလ(နိုင်)၀၀၇၂၃၀ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ခရိုင်ရုံး) တာချီလိတ်။**



နယ်မြို့များရှိ တည်ဆောက်ရေးလုပ်ငန်းသမားများအတွက် သတင်းကောင်း အုတ်၊ သဲ၊ ကျောက်လုပ်ငန်းသုံး ကားကြီးများ ရောင်းရန်ကြော်ငြာ

၁။ PD.6 18' × 8' ၁၄တန်ပတ်လည် NISSAN Hino ရုပ်

၂။ FE.6 18' × 8' Hino တန်းပတ်လည်ဂျင်ဖောင်းစွပ် Hino ရုပ်

၃။ T.E 11 14' ×7 $\frac{1'}{2}$ Hino တန်းပတ်လည်ဂျင်ဖောင်းစွပ် Hino ရုပ်

၄။ EH.300 18' ×7 $\frac{1'}{2}$ ၁၀တန် တန်းပတ်လည်ဂျင်ဖောင်းစွပ် GMC ရုပ်

၅။ EH.300 13' ×7 $\frac{1'}{2}$ ISUZU တန်းပတ်လည်ဂျင်ဖောင်း GMC

၆။ EH.300 13' ×7 $\frac{1'}{2}$ ISUZU တန်းပတ်လည်ဂျင်ဖောင်း DODGE ရုပ်

၇။ ISUZU 120 15' ×7 $\frac{1'}{2}$ ISUZU တန်းပတ်လည်ဂျင်ဖောင်း GMCရုပ်

အထက်ဖော်ပြပါလုပ်ငန်းသုံး ကားကြီးများအား တစ်စီးချင်းသော်လည်းကောင်း၊ အစီးအားလုံးသော်လည်းကောင်း ဝယ်ယူလိုပါက ဆက်သွယ်ရန် ဖုန်း-683722 Ext:4656, 4657, 681156,680935,09-51-71542,09-50-10473.

မှတ်ချက်။ ။ လုပ်ငန်းသိမ်းဖြစ်သဖြင့် အားလုံးတစ်ပြိုင်နက် ဝယ်ယူသူအား အထူးနှုန်းဖြင့် ရောင်းချပေးမည်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကလောမြို့ အမှတ်၃ ရပ်ကွက်၊ အိမ်အမှတ် ၄၀နေ ဦးစောကေဘာဟဲ- ဒေါ်အီထူးတို့၏ သား မောင်စောမြင့်ဌေ(ခ) သားငယ် ၁၃/ ကလန(နိုင်) ၀၆၆၆၇၉ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ယနေ့မှစ၍ ၄င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးစောကေဘာဟဲ-ဒေါ်အီထူး
ကလောမြို့။

၂၅-၅-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ တရားရုံးချုပ်ရှေ့နေ ဒေါ်ခင်မေ၏ အများသိစေရန် ကြော်ငြာအပေါ်ရှင်းလင်းကြော်ငြာခြင်း

မခင်နန်းယု၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းရှင်းလင်းကြော်ငြာသည်မှာ- မခင်နန်းယုသည် မောင်ရွှေဝင်းနှင့် လက်ထပ်ပေါင်းသင်းခဲ့သည်မှာ မှန်သော်လည်း လက်ထပ်ပြီး ချိန်မှစ၍ မောင်ရွှေဝင်းသည် လင်ဝတ္တရားနှင့်အညီရှာဖွေကျွေးမွေးခြင်း မပြုသည်သာမက မောင်ရွှေဝင်း ကိုယ်တိုင်နှင့်၄င်း၏မိဘများတို့ကပါ မခင်နန်းယုအား အမြဲတစေ စိတ်ရောကိုယ်ပါ ညှဉ်းပန်းနှိပ်စက်မှုများပြုလုပ်ခဲ့သည့်အတွက် မခင်နန်းယုသည် သည်းမခံနိုင်တော့သည့်အဆုံး မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာလာခြင်းသာဖြစ်ပါသည်။ မည်သူတစ်ဦး တစ်ယောက်၏ ခေါ်ဆောင်သွားခြင်းမဟုတ်ပါ။ မိမိ၏ သဘောဆန္ဒအလျောက် မောင်ရွှေဝင်းနှင့် ဆက်လက်မပေါင်းသင်းနိုင်တော့ပါကြောင်း တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် ရပ်ကွက်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် မောင်ရွှေဝင်းနှင့်မိခင်ဒေါ်ရွှေတို့အား အတိအလင်းပြောဆိုပြီးဖြစ်သည့်အပြင် မခင်နန်းယု ယခုရောက်ရှိနေထိုင်လျက်ရှိသည့်နေအိမ်တွင်လည်း မည်သူတစ်ဦးတစ်ယောက်၏ ဖြားယောင်းသွေးဆောင်မှုကြောင့် ရောက်ရှိနေထိုင်ခြင်းမဟုတ်ကြောင်းနှင့် မိမိ၏လွတ်လပ်သည့်သဘောဆန္ဒအလျောက်နေထိုင်ခြင်းသာဖြစ်ကြောင်းလည်း မောင်ရွှေဝင်းတို့အား အသိပေးပြောဆိုပြီးဖြစ်ပါလျက်နှင့် အများထင်ယောင်ထင်မှားဖြစ်စေရန် ကြော်ငြာခြင်းကို ပြန်လည်ရုပ်သိမ်းပါရန်နှင့် ဖြစ်စဉ်အပေါ် ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းသွားရန် အသင့်ရှိပါကြောင်း ရှင်းလင်းကြော်ငြာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်းချမ်း(တရားရုံးချုပ်ရှေ့နေ)စဉ်-၂၃၄၄/၈၃၊
ဒေါ်နန်းနေနွယ်လင်း(အထက်တန်းရှေ့နေ)စဉ်-၂၇၂၉၃/၀၈
မြမြင့်မိုရ်ရှေ့နေရုံးခန်း၊ အခန်း(၁၀၆) YMCA တိုက်တန်း၊ ရုံးကြီးလမ်း၊
သစ်တောရပ်၊ တောင်ကြီးမြို့။

ဖခင်အမည်မှန်

တောင်ကြီးမြို့ အလက(၄) စတုတ္ထတန်း(ခ)မှ မောင်ဇေမင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးစိန်ကြည်လင်း ဖြစ်ပါကြောင်း။ **ဦးစိန်ကြည်လင်း ၉/မခန(နိုင်)၁၁၉၉၉၉။**

အမည်ပြောင်း

နမ့်စန်မြို့ အထက ပထမတန်းမှ မောင်ရန်ပိုင်လင်းအား ယနေ့မှစ၍ မောင်ရန်ပိုင်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရန်ပိုင်ဦး။**

ဦးသိန်းဝင်းနှင့် အများသိစေရန်

ကျွန်မ ဒေါ်တင်မြင့် ၁၀/ပမန(နိုင်)၀၂၇၇၄၂ ၏ ခင်ပွန်း ဦးသိန်းဝင်း ၁၀/ပမန(နိုင်) ၀၂၇၇၄၃ သည် ဇနီးသည်အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုမူ၍ ၁၃-၅-၂၀၀၈ ရက်တွင် ဇနီးပိုင်ငွေများကိုယူပြီး ၄င်း၏ သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ၄င်းနှင့်မသက်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဒေါ်တင်မြင့်။**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးရှင်းလင်း

ကော့ကရိတ် မေ ၂၅

ကော့ကရိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းသည် ကြာအင်းဆိပ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးမျိုးမင်းဦးတို့နှင့်အတူ မေ ၂၁ရက်က ကြာအင်းဆိပ်ကြီးမြို့နယ် သံပရာစံပြကျေးရွာပဒေသာခန်းမ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ သွားရောက်စစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိသည် စာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံ၍ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဝန်ကြီး၏ မှာကြားချက်ကို ရှင်းလင်းဆွေးနွေးပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ်ရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၈-၂၀၀၉ လုပ်ငန်းတာဝန် ၁၁ချက်၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ရှင်းလင်းပြောကြားပြီး ရုံးလုပ်ငန်းများစစ်ဆေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) **မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးရှေ့ သာယာလှပရေးအတွက် မြေယာရှုခင်းအလှ ပြုပြင်ခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခွန်မြင့်လွင် ဦးစီးဆောင်ရွက်ရာသို့ မေ၁၉ရက်က အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

သန့်ရှင်းလတ်ဆတ်သော သားငါးများရောင်းချရေး ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား မေ ၂၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးများဖြစ်သော ခေတ်မီနှစ်ထပ်ဈေး၊ အမှတ်(၂)ဈေးနှင့်ရေစင်ကွင်းဈေးများတွင် ဈေးတည်ခင်းရောင်းချမှု စည်းကမ်းတကျရှိစေရေး၊ ဈေးဆိုင်ခန်းများ အမိုက်ပုံးထားရှိသုံးစွဲရေး၊ မီးဘေးလုံခြုံမှုရှိစေရေးနှင့် ကျန်းမာသန့်ရှင်း လတ်ဆတ်သော သားငါး၊ ဟင်းသီးဟင်းရွက်များ ရောင်းချရေးတို့အတွက် မေ၂ရက်က ဦးစီးအရာရှိ ဦးဂျွန်စယ်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဘောလုံးကွင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်း

နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သော ဘောလုံးကွင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းရန် ကျောက်လမ်းခင်း ဆောင်ရွက်မှုကို ဧပြီ ၂၈ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညဏ်စိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၃၀

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခံရသော ဒေသများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများအား ဆက်လက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)ရှိ မုန်တိုင်းဒဏ်သင့်ဒေသ ပြည်သူများအတွက် အလှူငွေလက်ခံရာဌာန၌ အလှူရှင်များမှ လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံယူသည်။

လှူဒါန်း

လှူဒါန်းကြသော အလှူရှင်များမှာ ဦးချစ်စိန်နှင့် ဒေါ်ကျင်မြိုင်မိသားစု လှိုင်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များက ငွေကျပ် ၇၈၀၀၀၀၊ ဦးတင်စိန်နှင့် ဒေါ်လှမြင့် မောင်နှမတစ်စု မင်္ဂလာဒုံမြို့နယ်က သားလေးမင်းသူရကျော် မွေးနေ့အတွက် ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၂၁၁၅၀၀၀၊ ဦးသိန်းဇံမိသားစု တောင်ဥက္ကလာပမြို့နယ်က ငွေကျပ် ၂၅၀၀၀၊ All States International Co., Ltd. က ငွေကျပ် ၁၀သိန်း၊ ဦးတင်မောင်အေးနှင့် ဒေါ်ခင်မြမူ ကျောက်တံတားမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်) ၂၀၀၇-၂၀၀၈ခုနှစ် ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသူများက ငွေကျပ် ၂၀၈၀၀၀၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန စစ်တွေမှတစ်ဆင့် ကုမ္ပဏီလုပ်ငန်းရှင် ရှစ်ဦးတို့က ငွေကျပ်ငါးသိန်း၊ ဗိုလ်မှူးကြီးကျော်သိန်း(ငြိမ်း)နှင့် မိသားစု ငွေကြာရုံရိပ်သာက ငွေကျပ် ၁၁၀၀၀၀၊ ဦးလှရွှေနှင့် ဒေါ်သောင်းဟန်မိသားစု လှိုင်မြို့နယ်က ငွေကျပ်ငါးသောင်း၊ အနောက်ပိုင်းတိုင်း

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ့အလင်း မိုးလေဝသသတင်း၊ နိုင်ငံတကာသတင်းနှင့် အားကစားအညွှန်း

အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ ဆက်လက်ဝင်ရောက်နိုင်

သန်းဇော်၏ မိုးလေဝသသတင်း စာ-၅

အင်တာနက် ချိတ်ဆက် အသုံးပြုနိုင်သည့် နတ်ဘုတ်

ဆက်သွယ်ရေးနည်းပညာသစ် စာ-၁၂

ယူရို ၂၀၀၈ ပြိုင်ပွဲ အုပ်စု(ခ) အသင်းများ၏ အနေအထား

မောင်မောင်မြင့်ဆွေ၏ သတင်းဆောင်းပါးသုံးသပ်ချက် စာ-၁၁

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း

ဧရာဝတီတိုင်း ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ပြုပြင် ပြီးစီးနေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

31-5 (20).pmd 1 5/31/2008, 3:00 AM